# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၀၄၄)


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏၊ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**စင်ကာပူ နိုဝင်ဘာ ၁၂**

စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် စင်ကာပူနိုင်ငံ Marina Bay Sands ၌ ကျင်းပလျက်ရှိသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (ASEAN Business and Investment Summit -2018 ) သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် နေရာတစ်ခုဖြစ်**

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤထိပ်သီးအစည်းအဝေးသို့ မိမိအနေဖြင့် ဒုတိယအကြိမ်မြောက် ပါဝင်ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ASEAN Business and Investment Summit သည် မြန်မာနိုင်ငံအပြင် အာဆီယံအတွက် စီးပွားရေးနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❍

**"မြန်မာနိုင်ငံအတွင်း ဆွဲဆောင်မှုရှိပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများကို ဖန်တီးနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့"**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

စာမျက်နှာ » ၇

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

စာမျက်နှာ » ၈


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# သတင်းအချက်အလက်ခေတ်မှာ ရှင်သန်နိုင်ဖို့

နှစ်ဆယ်ရာစုအကုန်နှစ်များမှာ ကမ္ဘာ့ သတင်းနှင့်အချက်အလက်ဆိုင်ရာ မဟာအဝေးပြေးလမ်းမကြီးများ၏ အခန်းကဏ္ဍ စတင်ရှေ့တန်း ရောက်လာသည်။

အထူးသဖြင့် နိုင်ငံတကာမှာ သတင်းနှင့်အချက်အလက်များကို ရရှိနိုင်ရေး၊ အမြန်ဆုံး ဖြန့်ကြက်နိုင်ရေးဆိုသည်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးမှာ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်လာခဲ့သည်။

သတင်းနှင့် အချက်အလက်စုံလင်စွာ ရရှိထားသူက အရာရာမှာ ရှေ့ကပြေးနေသူများဖြစ်လာ၏။ သည်လိုနှင့် သတင်းနှင့် အချက်အလက်များကို ဘယ်လိုရရှိအောင်လုပ်မလဲ၊ ရရှိသည့် သတင်းအချက်အလက်များကို ဘယ်လိုဖြန့်ကြက်ပေးပို့နိုင်မလဲ ဆိုသည့်ကိစ္စရပ်များတွင် အပြိုင်အဆိုင်ဖြစ်လာခဲ့ကြသည်။

နိုင်ငံရေးရာများတွင် သိသိသာသာ ထူးခြားပြောင်းလဲမှုများရှိခဲ့သည်မှာ ထင်ရှားလှသည့် ဥပမာဟု ဆိုရပါမည်။ မြန်မာနိုင်ငံတွင်းရှိ ရခိုင်ပြည်နယ်ဆိုင်ရာ အရေးအရာများတွင် သတင်းနှင့် အချက်အလက်များ ဖြန့်ဝေနိုင်မှု မည်မျှသွက်လက်ထက်မြက်သလဲဆိုသည်က မည်မျှလောက်တာသွားသလဲဆိုခြင်းက သိသာစွာ သိမြင်ခဲ့ကြရပြီးဖြစ်၏။ သတင်းအချက်အလက်များဆိုင်ရာ နယ်ပယ်တွင်းရှိ ကျင့်ဝတ်သိက္ခာ မစောင့်စည်းကြခြင်း၊ အချက်အလက်အမှားအယွင်းများကို ပြင်ဆင်အတုပြုလုပ်ပြီး လျင်မြန်မှု လက်ဦးမှု ဖြန့်ကြက်နိုင်သည့် နယ်မြေကျယ်ဝန်းမှုတို့ကို ငွေအား လူအား အတတ်ပညာအားတို့ဖြင့် ဖန်တီးကြခြင်းတို့ကြောင့် နိုင်ငံတကာနယ်ပယ်တွင်း၌ ကြီးမားသည့်အခက်အခဲများ ရင်ဆိုင်ခဲ့ရခြင်းတို့က မြန်မာနိုင်ငံအတွက် ခါးသီးသည့် သင်ခန်းစာများ ဖြစ်ပါလိမ့်မည်။

အမှန်တရားကို မည်မျှအားထားသည်ဆိုစေကာမူ သွက်လက်မြန်ဆန်သည့် အမွှေသမားတို့၏ လုပ်ကြံဖန်တီးမှုတို့ကြောင့် လက်ငင်းကာလတွင် မလိုလားအပ်သည့် ရင်ဆိုင်ဖြေရှင်းစရာတို့ အုံနှင့် ကျင်းနှင့် ပေါ်ပေါက်လာခဲ့သည် မဟုတ်ပါလား။

သည်လို သတင်းအချက်အလက်များရယူနိုင်ခြင်း၊ ပြည်သူတို့ အလွယ်တကူ ရယူသိရှိနိုင်ခြင်းတို့သည် နိုင်ငံတကာ၌ အထူးတလည် အရေးပေးလာသည့်ခေတ်တွင် မြန်မာနိုင်ငံတွင်လည်း အမီလိုက်နိုင်ရန် ပြင်ဆင်အားထုတ်ကြိုးပမ်းရန် လိုအပ်လာပြီဟု ယူဆပါသည်။

မြန်မာနိုင်ငံ၏ လက်ငင်းအနေအထားက နိုင်ငံတကာသတင်းများ ရယူရန်ထက် ပြည်တွင်းသတင်းအချက်အလက်များရယူရာမှာ ပိုမိုခက်ခဲနေသည်ဟု ထင်မြင်ပါသည်။ ထို့အတူပင် မိမိတို့၏ သတင်းအချက်အလက်မှန်များကို ပြည်တွင်းပြည်ပများသို့ ယခုထက် ပိုမိုထိရောက်မြန်ဆန်သည့် ချဲ့ထွင်ဆောင်ရွက်ရေး အစီအမံများကို ဦးစားပေးဆောင်ရွက်သင့်ပြီဟုလည်း ထင်မြင်ပါသည်။

သည့်အတွက် သတင်းနှင့်အချက်လက်မှန်များ ရရှိနိုင်ရေး၊ ဖြန့်ဝေနိုင်ရေးကို အထောက်အကူဖြစ်မည့်ဌာနများ နိုင်ငံအနှံ့ တည်ထောင်နိုင်ရန် လိုအပ်ပါမည်။ ယခုအခါ အနယ်နယ်ရှိ ပြည်သူ့စာကြည့်တိုက်များ ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေသည့် စီမံကိန်းများနှင့်တွဲလျက် လုပ်ကိုင်နိုင်မည့် အချို့သော သတင်းရယူနိုင်ရေးများ လုပ်ကိုင်ရန် စဉ်းစားပြင်ဆင်နေသည်ဟု သိရသည်များလည်းရှိသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုရပါသည်။

နိုင်ငံတွင်း၌ ပြည့်စုံသည့် အမျိုးသားစာကြည့်တိုက်ကြီးများ ပေါ်ထွန်းရေး အစီအစဉ်ထဲတွင် သတင်းနှင့်အချက်အလက်ဆိုင်ရာ ဗဟိုဌာနကြီးများ ပါဝင်ရေးကို ထည့်သွင်းစဉ်းစား တည်ထောင်ခြင်းဖြင့် ပြည်တွင်း သတင်းနှင့် အချက်အလက်မှန်များ ရယူရေးအတွက် တစ်တပ်တစ်အား အထောက်အကူဖြစ်ပါလိမ့်မည်။ နိုင်ငံတကာရှိ အမျိုးသားစာကြည့်တိုက်များရှိ အင်ဖော်မေးရှင်းစင်တာကြီးများ (သတင်းနှင့်အချက်အလက်ဗဟိုဌာနများ) ပါဝင်သည်ကို နမူနာယူနိုင်ပါလိမ့်မည်။

အမျိုးသားစာကြည့်တိုက်ကြီး ပြင်ဆင်တည်ဆောက်မည်ဆိုလျှင် အဆောက်အအုံ၏ ခမ်းနားကြီးကျယ်မှု၊ ဆေးရောင်အသစ်များ ဝင်းဝင်းတောက်နေမှု စသည့်ကိစ္စများတွင်သာ အာရုံစိုက် အမှွမ်းတင်နေ၍မရဘဲ မြို့နယ်အသီးသီးမှာရှိနေသည့် ကွန်ရက်များကိုအခြေခံကာ သတင်းအချက်အလက်များကို ရယူသိမ်း ပို့ဆောင်ရင်း သတင်းနှင့် အချက်အလက်ဗဟိုဌာနများနှင့်ချိတ်ဆက်စုဆောင်းနိုင်မည့် အစီအစဉ်များ လိုအပ်ပါမည်။

ယနေ့မြန်မာနိုင်ငံ၏ သတင်းနှင့်အချက်အလက်ရယူနိုင်မှု အခြေအနေက မြို့နယ်များရှိ လူဦးရေ၊ မွေးခြင်းဖြစ်ပွားမှုနှုန်း၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကိုပင် အလွယ်တကူရယူနိုင်ခြင်း မရှိသေးသည်မှာ လက်တွေ့ဖြစ်ပါသည်။

ထို့ပြင်၊ အဆိုပါ ဗဟိုဌာနများက သတင်းနှင့် အချက်အလက်များစွာကို သိမ်းရယူစုဆောင်းနိုင်မည့် နည်းပညာများ၊ ကွန်ပျူတာ အစရှိသည့် ကိရိယာပစ္စည်းများကို ဖြည့်ဆည်းဝယ်ယူ ထားရုံမျှနှင့် မရနိုင်။ အမှန်တကယ် ကျွမ်းကျင်သည့်ပညာရှင်များ ပေါ်ပေါက်ရေး၊ သတင်းနှင့်အချက်အလက်များရယူနိုင်မည့် အရင်းအမြစ်များ စုဆောင်းနိုင်ရေး၊ လူထုပညာပေးရေး၊ ခိုင်လုံသည့် သတင်းနှင့် အချက်အလက်များကို စနစ်တကျသိမ်းရင်း ကျယ်ပြန့်စွာ ဖြန့်ချိနိုင်မည့်လုပ်ငန်းများကို ပုဂ္ဂလိကအစိုးရသတင်းဌာနများနှင့် လက်တွဲဆောင်ရွက်နိုင်ရေးတို့အတွက် ခိုင်လုံသည့် သတင်းအချက်အလက်ဗဟိုဌာနကြီးများ ပေါ်ပေါက်နိုင်ရန် အလေးပေး ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးရဲနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) ဦးခင်ဇော် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သဘောင်္ကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၃) ဒေါက်တာကျော်မိုးဦး | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၄) ဒေါက်တာအေးအေးမြင့် | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၅) ဒေါက်တာအေးအေးထွန်း | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၆) ဒေါက်တာအောင်မြတ်ကျော်စိန် | ပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

# ရာဇဝတ်အထူးအယူခံမှု (၃) မှုနှင့် တရားမအထူးအယူခံမှု (၂) မှု စီရင်ချက်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၃)မှုနှင့် တရားမအထူးအယူခံမှု (၂)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု (၄) မှုနှင့် တရားမအထူးအယူခံမှု (၂) မှုတို့ကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Forensic Accounting Workshop နှင့် Publicity and Public Education Training ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အမေရိကန်ပြည်ထောင်စုတရားရေးဌာန၏ ပင်လယ်ရပ်ခြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပူးပေါင်းဖွင့်လှစ်သည့် Forensic Accounting Workshop အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ United States Department of Justice မှ Resident Legal Advisor, Mr. Robert Strang က ဦးဆောင်သည့် သင်တန်းဆရာများ၊ ကော်မရှင်ရုံးမှ ဝန်ထမ်းများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အမေရိကန်ပြည်ထောင်စုတရားရေးဌာနမှ Resident Legal Advisor, Mr. Robert Strang က အမှာစကားပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် သုံးဦးက လေ့လာသူအဖြစ် တက်ရောက်၍ ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း ၂၅ ဦး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ သုံးဦး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တစ်ဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တစ်ဦး သင်တန်းသားစုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကာလမှာ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက် အထိ နှစ်ရက်ကြာမြင့်မည် ဖြစ်သည်။

ဆက်လက်၍ UNODC၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ဟောင်ကောင်ဒေသအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (Independent Commission Against Corruption-ICAC)တို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် Publicity and Public Education Training သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ ၁၀ နာရီက နေပြည်တော်ရှိ Hotel Royal ACE တွင် ပြုလုပ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ UNODC မှ တာဝန်ရှိသူများ၊ ဟောင်ကောင်ဒေသ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(ICAC)မှ သင်တန်းဆရာများ၊ ကိုယ်စားလှယ်များနှင့် ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့်သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ (**အပေါ်ပုံ**) နှင့် ICAC မှ သင်တန်းဆရာခေါင်းဆောင် Mr. Martin Chan က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် နှစ်ဦးက လေ့လာသူအဖြစ် တက်ရောက်၍ ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း၂၄ ဦး၊ အရပ်ဘက်အဖွဲ့အစည်းများမှ ခြောက်ဦး၊ သင်တန်းသား စုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒက္ခိဏခရိုင်နှင့် ခရိုင်အတွင်းရှိ တရားသူကြီးများအား တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်သင်းဝေသည် ဒက္ခိဏခရိုင်နှင့် ခရိုင်အတွင်းရှိ တရားသူကြီးများအား နိုဝင်ဘာ ၉ ရက်က ဒက္ခိဏ ခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားသည်။

မှုခင်းလက်ကျန်များကို မှန်မှန်နှင့် မြန်မြန်ပြီးပြတ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူနှင့် အဂတိကင်းရှင်းအောင်လုပ်ကိုင်ရေး၊ လုံခြုံရေး၊ သန့်ရှင်းရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂရုစိုက်ဆောင်ရွက်ရေး၊ သက်သေခံပစ္စည်းများ စနစ်တကျ စီမံဆောင်ရွက်ရေးနှင့် သက်သေစရိတ်များ တိကျမှန်ကန်စွာ ထုတ်ပေးရေး၊ တရားသူကြီး ကျင့်ဝတ်နှင့်အညီ နေထိုင်ပြောဆိုဆက်ဆံရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် စင်ကာပူသို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Vanessa Chan Yuen Ying Elisabeth နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများ လိုက်ပါ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အခြားအာဆီယံနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်သွားမည် ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား စင်ကာပူနိုင်ငံ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးရာဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr. Mohamad Maliki Bin Osman နှင့် တာဝန်ရှိသူများ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့်ဇနီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်ဇနီး၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Fairmont Hotel သို့ ရောက်ရှိကြသည်။

**ကြိုတင်ထွက်ခွာ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်ပါရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်ရန် နိုဝင်ဘာ ၁၁ ရက်က စင်ကာပူသမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြောင်း သိရှိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** သတင်းစဉ်

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



မိန့်ခွန်းပြောကြားမှုအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသူများက ရင်းရင်းနှီးနှီး လာရောက်နှုတ်ဆက်ကြစဉ်။
သတင်းစဉ်

❍ *ရှေ့ဖုံးမှ*
ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိ ယနေ့ ဆွေးနွေးပြောကြားမည့် ခေါင်းစဉ်မှာ “မြန်မာနိုင်ငံနှင့် အာဆီယံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု” ဖြစ်ပါကြောင်း။

မိမိ၏ဆွေးနွေးမှုကို မြန်မာ့စီးပွားရေး၏ နောက်ခံအချက်အလက်နှင့် စတင်လိုပါကြောင်း၊ မြန်မာနိုင်ငံ၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားလုံးပါဝင်ပြီး ပြည်သူကိုဗဟိုပြုသည့် အမျိုးသားစီးပွားရေးမူဝါဒ ၁၂ ချက်ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် အမျိုးသားစီးပွားရေးမူဝါဒနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါကြောင်း။

မြန်မာနိုင်ငံအတွင်း ဆွဲဆောင်မှုရှိပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများကို ဖန်တီးနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာရန်နှင့် ဒေသတွင်း၊ နိုင်ငံတကာသဘောတူညီမှုများနှင့် ကိုက်ညီသည့် စီးပွားရေးဖြစ်ထွန်းစေရန်အတွက် International Finance Corporation ၏ နည်းပညာအကူအညီဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်က ပြည်ထောင်စုလွှတ်တော်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

**ဝင်ငွေခွန်ကင်းလွတ်ခွင့် ပေးအပ်သွားမည်**

အဆိုပါ ဥပဒေသစ်တွင် စီးပွားရေးလုပ်ငန်းရှင်များအား တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော၊ လွယ်ကူမြန်ဆန်သော နည်းလမ်းများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့် အရေးကြီးသောအချက်များစွာပါဝင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအားလုံးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ရယူရန် မလိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း သိမ်းပိုက်ခံရခြင်း မရှိစေရန် အာမခံပါကြောင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကိုလည်း နေရာဒေသနှင့် ဦးစားပေးကဏ္ဍအလိုက် ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းပါးစေရန် ရည်ရွယ်လျက် အာဏာခွဲဝေအပ်နှင်းမှုနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နစ်နာမှုမရှိစေမည့်စနစ် ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ နောက်ဆက်တွဲနည်းဥပဒေများကိုလည်း ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့ပါကြောင်း။

**စီးပွားရေးတည်ငြိမ်မှုအတွက် များစွာအရေးပါ**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အချို့ပြုပြင်ပြောင်းလဲမှုများကို ထင်ရှားစွာတွေ့မြင်နိုင်သော်လည်း အချို့ပြောင်းလဲမှုများကို ထင်ရှားစွာတွေ့မြင်နိုင်ခြင်းမရှိပါကြောင်း၊ နိုင်ငံတွင်း မေခရိုစီးပွားရေးစီမံခန့်ခွဲမှုကို ပိုမိုအားကောင်းလာစေရန် ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲမှုများမှာ စီးပွားရေးတည်ငြိမ်မှုအတွက် များစွာအရေးပါပြီး ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အထောက်အကူဖြစ်စေပါကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုများကို သာမန်အားဖြင့် မမြင်တွေ့နိုင်သော်လည်း ပြောင်းလဲမှုများသည် သိသာပြီး ရေရှည်အတွက် များစွာအကျိုးရှိစေနိုင်ပါကြောင်း။

**အရေးပါသော ပြုပြင်ပြောင်းလဲမှု တစ်ခုဖြစ်ခဲ့**

ပြုပြင်ပြောင်းလဲမှုများအနက် သိသာထင်ရှားသည့် အပြောင်းအလဲဟု ဆိုနိုင်မည့် နှစ် ၁၀၀ ကျော် သက်တမ်းရှိသော ကုမ္ပဏီအက်ဥပဒေကို လက်ရှိစီးပွားရေးဝန်းကျင်နှင့် ကိုက်ညီစေရန် မကြာသေးမီက ပြောင်းလဲနိုင်ခဲ့ခြင်းသည် အရေးပါသော ပြုပြင်ပြောင်းလဲမှု တစ်ခုဖြစ်ခဲ့ပါကြောင်း၊ အဆိုပါ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ ရက်တွင် အသက်ဝင်ခဲ့ပါကြောင်း၊ ယင်းကုမ္ပဏီဥပဒေအသစ်တွင် ပါဝင်သော Electronic Registry စနစ်ကြောင့် MyCO ဟုခေါ်သည့် Myanmar Company Online ကို အသုံးပြု၍ ကုမ္ပဏီများအနေဖြင့် နာရီအနည်းငယ်အတွင်း မှတ်ပုံတင်နိုင်ပါကြောင်း၊ ကုမ္ပဏီများဥပဒေအသစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအစုအဖွဲ့လုပ်ငန်းပုံစံကို ပြောင်းလဲစေခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ကုမ္ပဏီအဖြစ် လွယ်ကူစွာ မှတ်ပုံတင်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် မိမိစီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီအတွင်းစီမံခန့်ခွဲမှုများကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်း တည်တံ့ခိုင်မာမှု အာမခံချက်ကိုလည်း ရရှိစေမည်ဖြစ်ပါကြောင်း။

**စီးပွားရေးစတင်ဆောင်ရွက်ရန် ကောင်းမွန်**

ကုမ္ပဏီဥပဒေသစ်သည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လွယ်ကူသည့် အဆင့်သတ်မှတ်ချက် ကောင်းမွန်လာစေရန်အတွက် အဓိကကျသည့် စီးပွားရေးစတင်ဆောင်ရွက်ရန် လွယ်ကူသည့် အဆင့်သတ်မှတ်ချက်ကို ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ကုမ္ပဏီပေါင်း (၁၄၀၀၀) ကျော်ခန့်သည် အွန်လိုင်းစနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ပြီးဖြစ်ပြီး ကုမ္ပဏီပေါင်း (၄၀၀၀) ကျော်မှာလည်း အွန်လိုင်းစနစ်ဖြင့် အသစ်ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့်အဖွဲ့ဖြင့် ပြန်လည်ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် လွယ်ကူရှင်းလင်းပြီး ကြိုတင်မှန်းဆ၍ရသည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းသာမက အခြားသက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများကိုပါ ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း။

**နှောင့်နှေးကြန့်ကြာမှုများကို ကျော်လွှားနိုင်**

အဆိုပါ ဆောင်ရွက်ချက်သည် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် မှတ်ပုံတင်စရာမလိုသော ပြတင်းတစ်ပေါက်စနစ် ပေါ်ထွန်းလာရေးကို အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါကြောင်း၊ ပြတင်းတစ်ပေါက်စနစ်သည် ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့နေရသော နှောင့်နှေးကြန့်ကြာမှုများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်မီနှင့် ပြုလုပ်ပြီးကာလများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းနှင့် ပြတင်းတစ်ပေါက်စနစ် ပေါ်ထွန်းရေး ဆောင်ရွက်ခြင်းတို့၏ အဓိကရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှု လွယ်ကူစေရုံသာမက ကြိုတင်ခန့်မှန်းနိုင်မှု၊ အထောက်အကူပြုမှုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် ပတ်ဝန်းကျင် ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**သိသာထင်ရှားသော အောင်မြင်မှုရရှိ**

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား အောင်မြင်ခဲ့သော ပူးပေါင်းဆောင်ရွက်မှုတစ်ခုမှာ သီလဝါအထူးစီးပွားရေးဇုန်ဖြစ်ပါကြောင်း၊ သီလဝါစက်မှုဇုန်သည် အချိန်တိုကာလအတွင်း သိသာထင်ရှားသော အောင်မြင်မှုရရှိခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၉၁ သန်း ရရှိခဲ့ပါကြောင်း၊ အဆိုပါ ဒေါ်လာငွေကြေးပမာဏမှာ မြန်မာ့စီးပွားရေးအတွင်း ဝင်ရောက်နေသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြသနေပါကြောင်း၊ သီလဝါစက်မှုဇုန်၌ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ပြင်သစ်၊ ဆွီဒင်၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့နှင့် ထိုင်ဝမ်တို့မှ ရင်းနှီးမြှုပ်နှံကြပြီး သီလဝါအထူးစီးပွားရေးစက်မှုဇုန်ဘီတွင် ရင်းနှီးမြှုပ်နှံရန်လည်း စိတ်အားထက်သန်လျက်ရှိကြကြောင်း။

**မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ရှင်သန်လာ**

ကမ္ဘာအနှံ့တွင် ကိုယ်ကျိုးစီးပွားကာကွယ်မှုဝါဒများ အရှိန်အဟုန်မြင့်မားနေပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှ နှစ်နိုင်ငံချင်းဆက်ဆံရေးကို ပိုမိုအသားပေးလာချိန်၊ အချို့ကဏ္ဍများ၌ တံခါးပိတ်ဝါဒကို ကျင့်သုံးလာပြီး အချို့နိုင်ငံများအကြား ငွေကြေးနှင့် ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပေါ်နေသည့် အချိန်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပြန်လည်ရှင်သန်လာပါကြောင်း။

**အာရှတိုက်၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်လာ**

ယနေ့မြန်မာနိုင်ငံသည် လွန်ခဲ့သော ၁၀ နှစ်ကနှင့်မတူ မကြုံစဖူး ကမ္ဘာ့မေခရိုစီးပွားရေးစနစ်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ကြုံတွေ့နိုင်သည့်အနေအထားတွင် ရှိနေပါကြောင်း၊ ကံကောင်းထောက်မစွာဖြင့် ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်နေချိန်တွင် ၂၀၁၈ ခုနှစ်အတွက် အာရှတိုက်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ ၆ ရာခိုင်နှုန်းရှိပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလက အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ထုတ်ပြန်ထားသည့် အချက်အလက်များနှင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အာရှတိုက်၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ စီးပွားရေးမှာလည်း အလားအလာကောင်းများ ရှိလာပါကြောင်း။

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာရှိ**

မြန်မာနိုင်ငံ ဈေးကွက်ပွင့်လင်းလာရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ၏ အလားအလာရှိသော နောက်ဆုံးဈေးကွက်ဟု ဆိုသည့်အားလျော်စွာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာရှိပါကြောင်း၊ အချို့က မြင်သာပြီး အချို့ကို အမြော်အမြင်ကြီးမှုနှင့် တွေးခေါ်ကြံဆမှုတို့ဖြင့် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယခု အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ပြောကြားလိုပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသောအသွင် လက္ခဏာတို့ဖြင့် တစ်ခုတည်းသော အသိုက်အဝန်းတစ်ခုအဖြစ်သို့ ဦးတည်လျှောက်လှမ်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက်လည်း အာဆီယံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာအထိ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် ၄၅ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၃၅၅၀၇ ဒသမ ၃၄၉ သန်း)မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဖြစ်ပါကြောင်း၊ ဤသည်ကိုကြည့်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ခိုင်မာသော စီးပွားရေးဆက်သွယ်မှုရှိသည်ကို တွေ့မြင်နိုင်ပါကြောင်း။

**အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကျိုးကျေးဇူးရရှိနိုင်**

မိမိတို့အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသည် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ရာ သဘောတူစာချုပ်ပါ အချက်အလက်များ၏ အသီးအပွင့်များကို ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ထို့အတူ အာဆီယံ-အိန္ဒိယ၊ အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဟောင်ကောင် သဘောတူစာချုပ်များအပြင် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် ကုန်သွယ်ရေး သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ရာ ၎င်းတို့မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါကြောင်း။

**ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လို**

မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထိရောက်မှု၊ ထုတ်လုပ်အားနှင့် အမြတ်အစွန်းများ ပိုမိုခံစားရရှိနိုင်မည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် အခွင့်အခါသင့်ခိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လုပ်ငန်းရှင်များကို မြန်မာနိုင်ငံ၏ အဓိကဦးစားပေးကဏ္ဍများဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးမြှင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်ရေး စက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ လျှပ်စစ်၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးသင့်အိမ်ရာတည်ဆောက်ရေးနှင့် စက်မှုဇုန်များ တည်ထောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။

**အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍတွင် အရေးပါပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပုဂ္ဂလိက အခန်းကဏ္ဍမြှင့်တင်ရေး၏ အရေးကြီးပုံကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဦးဆောင်သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ သတ်မှတ်သည့် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူသည့် အဆင့်သတ်မှတ်ချက် ကောင်းမွန်လာစေရန် ရည်ရွယ်လျက် လုပ်ငန်းအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကောင်းကျိုးရလဒ်များ ပြန်လည်ခံစားရမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

မိန့်ခွန်းပြောကြားမှုအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသူများက ရင်းရင်းနှီးနှီး လာရောက်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

လက်တွေ့ကျသည့် လူမှုဘဝအခြေအနေများကိုလည်း လေ့လာမြင်တွေ့ကြားသိခဲ့ကြပြီး ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်သူကို ကိုယ်စားပြုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ဥပဒေများ ပေါ်ထွက်လာရေး ဆွေးနွေးအတည်ပြုခြင်းနှင့် အပြန်အလှန်စောင့်ကြည့် ထိန်းကျောင်းခြင်းစသည့် လုပ်ငန်းတာဝန်များသည် ဥပဒေပြုလွှတ်တော်များ၏ အဓိက တာဝန်များဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို ဆောင်ရွက်ကြရာတွင် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုတိုးတက်အောင်မြင်စေရန် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးဆိုသည့် ရည်မှန်းချက်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက သက်ဆိုင်ရာကဏ္ဍအလိုက် ကျရာနေရာမှ ပူးပေါင်းပါဝင်ပြီး ပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုအပ်သည်ဟု ပြောကြားလိုပါကြောင်း။

ပြည်သူကို ကိုယ်စားပြုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ဥပဒေများ ပေါ်ထွက်လာရေး ဆွေးနွေးအတည်ပြုခြင်းနှင့် အပြန်အလှန်စောင့်ကြည့် ထိန်းကျောင်းခြင်းစသည့် လုပ်ငန်းတာဝန်များသည် ဥပဒေပြုလွှတ်တော်များ၏ အဓိက တာဝန်များဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို ဆောင်ရွက်ကြရာတွင် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုတိုးတက်အောင်မြင်စေရန် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးဆိုသည့် ရည်မှန်းချက်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျရာနေရာမှ ပူးပေါင်းပါဝင်ပြီး ပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုအပ်သည်ဟု ပြောကြားလိုပါကြောင်း။

## တဒင်္ဂငြိမ်းချမ်းရေး မဟုတ်သည့် ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ခိုင်မာရေးတို့ကို အတူတကွ ဖော်ဆောင်ပေးနိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်း

လက်ရှိတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖြစ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ တစ်နိုင်ငံဖြစ်ရန်အတွက် တည်ငြိမ်မှုနှင့် လုံခြုံမှုရှိအောင် ဦးစားပေးလုပ်ကိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး နိုင်ငံသားအားလုံးက အမြတ်တနိုး တန်ဖိုးထားကြရမည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အောင်မြင်ဖြစ်မြောက်စေလိုသည့် ဆန္ဒဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်နေကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း တဒင်္ဂငြိမ်းချမ်းရေး မဟုတ်သည့် ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ခိုင်မာရေးတို့ကို အတူတကွ ဖော်ဆောင်ပေးနိုင်ရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့စတင် ကျင်းပပြုလုပ်သည့် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်အသီးသီးတွင် ကျန်ရှိနေသည့် ဆောင်ရွက်ဆဲဥပဒေကြမ်းများကို ဦးစားပေးအလိုက် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အလားတူ လွှတ်တော်အသီးသီး၏ အခြားသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း တစ်ချိန်တည်းတွင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မကြာသေးမီ ရက်ပိုင်းကပင် ဒသမပုံမှန်အစည်းအဝေး အပါအဝင် ၂၀၁၉ ခုနှစ်အတွင်း လွှတ်တော်အသီးသီး၏ ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်မည့် လျာထားချက်ကာလကို နေ့ရက်များနှင့်တကွ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်ထားရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် လွှတ်တော်ရုံး အသီးသီးတို့အနေဖြင့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုကဲ့သို့ လွှတ်တော်ပုံမှန်အစည်းအဝေးများ တစ်နှစ်စာ လျာထားကာလ ထုတ်ပြန်ပေးနိုင်သည့်အတွက် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် မျှော်လင့်ပါကြောင်း၊ သို့သော်လည်း လွှတ်တော်အသီးသီး၏ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး လျာထားကာလ၊ နေ့ရက်များ ပြောင်းလဲမှုရှိနိုင်သည်ကိုလည်း ကြိုတင်အသိပေး ပြောကြားလိုပါကြောင်း၊ ထို့ပြင် ပုံမှန်မဟုတ်သည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်ပါက အရေးပေါ်၊ အထူးအစည်းအဝေးများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်အလိုက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲခွင့် အဆိုပြုချက်များကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား တင်ပြဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ယနေ့အထိ မြို့နယ်ပေါင်း ၃၁ မြို့နယ်မှ တင်ပြထားပြီး ရှစ်မြို့နယ် ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအနေဖြင့် အချိန်မီ တင်ပြဆောင်ရွက်ရန် အသိပေးမှာကြားလိုပါကြောင်း။

နိုင်ငံသားပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို အဓိကထားပြီး ဥပဒေပြုရေးအပါအဝင် အခြားသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ မှန်ကန်သည့် စိတ်ကောင်းစေတနာထားရှိမှု၊ ဖွဲလုံ့လ ကိုယ်စီရှိမှုနှင့် အမြော်အမြင်ရှိစွာဖြင့် သုံးသပ်ဆောင်ရွက်ပေးနိုင်မှု စသည့်အခြေခံအရည်အချင်းများကို အသုံးပြုပြီး ပြည်ထောင်စုကြီး အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြစေကြောင်း။



ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ
ဒေါက်တာဝင်းသိမ်း

## နိုင်ငံသားများသာမက နိုင်ငံတကာက အလေးထားသည့် ဥပဒေပြုလွှတ်တော်အသီးသီးအဖြစ် ရပ်တည်နိုင်စေရေးအတွက် မှန်ကန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် ကိုယ်စီတာဝန် ကျေပွန်မှုများကို ထုတ်ဖော်ပြသ

မိမိတို့နိုင်ငံနှင့် နိုင်ငံသားများသာမက နိုင်ငံတကာက အလေးထားသည့် ဥပဒေပြုလွှတ်တော်အသီးသီးအဖြစ် ရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးက မှန်ကန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် မိမိတို့၏ ကိုယ်စီတာဝန်ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်မှတ်တမ်းများနှင့် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များကို တင်ပြခြင်း၊ လွှတ်တော်က မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် **ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး** က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာကပေးအပ်သည့် ကူညီထောက်ပံ့မှုများကို နိုင်ငံတော်၏ မူဝါဒစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ အရေးပါသည့်အခန်းကဏ္ဍကို ထိရောက်စွာ မြှင့်တင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့တွင် **"ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန"** ကို ဖြည့်စွက်ဖွဲ့စည်းရန် လိုအပ်လျက်ရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ပြည်ထောင်စုလွှတ်တော် နာယက** က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဦးမျိုးဝင်းကို ခန့်အပ်တာဝန်ပေးလိုသည့် သဝဏ်လွှာကို လွှတ်တော်သို့တင်ပြပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အတည်ပြုခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး** က ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကိုဖတ်ကြားပြီး ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များအား IASIA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြု

ထို့နောက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း** က နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံအုပ်ချုပ်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပညာအရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များအား IASIA သို့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုမည်ဆိုပါက နိုင်ငံတကာ အသိပညာ၊ ဗဟုသုတနှင့် အတွေ့အကြုံကောင်းများကို ဖလှယ်လေ့လာနိုင်ခြင်း၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်းနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ နိုင်ငံတကာ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာတမ်းများ ပြုစုခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပညာဌာနများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဌာန၊ သင်တန်းရေးရာဌာနများ၏ အုပ်ချုပ်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေး တိုးတက်မြင့်မားလာစေခြင်း၊ နိုင်ငံတကာ အဆင့်အတန်းဝင် အသိအမှတ်ပြု တက္ကသိုလ်များဖြစ်လာနိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားခြင်းအတွက် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်နည်းပညာ အတွေ့အကြုံကောင်းများ ရယူဖလှယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း** က ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၈) ခုနှစ်တွင် အမည်ခေါ်တွင်ခြင်း(၁)ခု၊ စကားရပ်အစားထိုးခြင်း (၁၁) ခု၊ မူလပုဒ်မအစားထိုးခြင်း(၃)ခု၊ ပုဒ်မခွဲအသစ်ဖြည့်စွက်ခြင်း(၉)ခုနှင့် ပုဒ်မအသစ်ဖြည့် စွက်ခြင်း(၆)ခုတို့ ပါဝင်ပါကြောင်း။

## ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈)ခုနှစ်(မူကြမ်း)အပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြ

ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေသည် မူလထုတ်ပြန်စဉ်က အင်္ဂလိပ်ဘာသာဖြင့်သာ ထုတ်ပြန်ထားခြင်းဖြစ်ပြီး ပြင်ဆင်ခဲ့သည့် (၅)ကြိမ်စလုံးတွင်လည်း အင်္ဂလိပ်ဘာသာဖြင့်သာ ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခု ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈)ခုနှစ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့်ပင် အစားထိုးပြင်ဆင်ထားခြင်းဖြစ်ပါကြောင်း၊ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)ခုနှစ်(မူကြမ်း) အပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်း ပူးပေါင်းကော်မတီက လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန်လျာထားကြောင်းနှင့် လွှတ်တော် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်** က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လူစီးတွဲဝယ်ယူရေး စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ အတိုးမဲ့ချေးငွေ ယွမ် သန်း ၈၀ ရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံသည် စာချုပ်ပါ ရည်ရွယ်ချက်များအား အခြားအဖွဲ့ဝင်နိုင်ငံများတန်းတူ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ Digital Innovation နှင့် Seamless Logistics တို့အတွက် အထောက်အပံ့များ ရရှိစေမည်ဖြစ်ပြီး အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုကိုလည်း ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကူးပြောင်းမှုဖြစ်စဉ် အောင်မြင်စေရေးအတွက် အားပေးကူညီပေးနိုင်မည်ဖြစ်ပါသဖြင့် ဤစာချုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် လွှတ်တော်က အတည်ပြုပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၃၁၆ ဒသမ ၉၂၅ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရှင်းလင်းကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ** က အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခြင်းသည် ၂၀၁၈ ခုနှစ် (၆)လ ဘတ်ဂျက်ကာလ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိခဲ့သောကြောင့် စီမံကိန်းကို လျာထားချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် စီမံကိန်းရန်ပုံငွေကို သုံးစွဲနိုင်ရေးအတွက် အရအသုံးစာရင်းဝင်ရန်အတွက်သာ တောင်းခံသုံးစွဲခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ငွေကြေးသုံးစွဲမှုများကို မှတ်တမ်းများ စနစ်တကျထားရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း** က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၃၁၆ ဒသမ ၉၂၅ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ပြည်သူအများ လမ်းပန်းဆက်သွယ်ရေးသွားလာမှု ကောင်းမွန်မြန်ဆန်ရေးအတွက် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မန္တလေး-လားရှိုး-ဗန်းမော်-

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ်(၁/၃၆၆)အား ရန်ပုံငွေကျပ် ၁၃ သန်းဖြင့် အရှည် (၇၀)ပေ ဘေလီတံတားထိုးခြင်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ ဆွာချောင်းတံတား(အသွားလမ်း)တွင် ရန်ပုံငွေ ကျပ် ၂၀၂ သန်းဖြင့် အရှည် (၄၂၀)ပေ နှစ်လွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စု အရေးပေါ်ရန်ပုံငွေမှ စုစုပေါင်း ရန်ပုံငွေကျပ် ၂၁၅ သန်း တင်ပြတောင်းခံ၍ တည်ဆောက်ခဲ့ခြင်းအား ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုထားခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

## ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအရေးပေါ်ရန်ပုံငွေမှ ဝန်ကြီးဌာနနှစ်ခု ခွဲဝေသုံးစွဲခဲ့မှုများကို လွှတ်တော်က မှတ်တမ်းတင်

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအရေးပေါ်ရန်ပုံငွေမှ ဝန်ကြီးဌာနနှစ်ခု ခွဲဝေသုံးစွဲခဲ့မှုများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြင်သစ်နိုင်ငံ AFD ထံမှ ချေးငွေ ယူရိုသန်း ၇၀ ရယူနိုင်ရေး ကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရိုသန်း ၇၀ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေး၊ မြစ်ကမ်းပါးတစ်လျှောက် ဖွံ့ဖြိုးရေးနှင့် မြို့ပြယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး မဟာဗျူဟာ စီမံကိန်း Transport, Waterways and Heritage Urban Project အတွက် ပြင်သစ်နိုင်ငံ AFD ထံမှ ချေးငွေ ယူရို သန်း ၇၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လူစီးတွဲဝယ်ယူရေး စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ အတိုးမဲ့ချေးငွေ ယွမ် သန်း ၈၀ ရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းကြသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ဖြင့် လေအိတ်ဘိုဂီပါ အထက်တန်းလူစီးတွဲ ၁၄ တွဲနှင့် လေအိတ်ဘိုဂီပါ ရိုးရိုးတန်းလူစီးတွဲ ၁၄ တွဲ စုစုပေါင်း လူစီးတွဲသစ် ၂၈ တွဲ ဝယ်ယူလို

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်**က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လူစီးတွဲဝယ်ယူရေး စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ အတိုးမဲ့ချေးငွေ ယွမ် သန်း ၈၀ ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထား၏ လက်ရှိသက်တမ်းလွန်လူစီးတွဲသစ်များ ဝယ်ယူအစားထိုးခြင်းဖြင့် ၂၀၂၇ ခုနှစ်တွင် လိုအပ်လာမည့် လူစီးတွဲအရေအတွက်အား ဖြည့်တင်းပေးနိုင်မည်ဖြစ်ပြီး ယုံကြည်မှုစွမ်းရည်နှင့် ခရီးသည်ပို့ဆောင်ရေးအတွက်၊ ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ရန် ရည်ရွယ်ထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ဖြင့် လေအိတ်ဘိုဂီပါ အထက်တန်းလူစီးတွဲ ၁၄ တွဲနှင့် လေအိတ်ဘိုဂီပါ ရိုးရိုးတန်းလူစီးတွဲ ၁၄ တွဲ စုစုပေါင်း လူစီးတွဲသစ် ၂၈ တွဲ ဝယ်ယူလိုပါကြောင်း၊ အဆိုပါတွဲများကို ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် တွဲဆိုင်းနှစ်ဆိုင်းဖွဲ့ဆင်ပြီး အစုန်၊ အဆန်ရထား ပြေးဆွဲခြင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် နေ့စဉ်ရထားတစ်စင်း၌ ပျမ်းမျှခရီးသည် ဦးရေ ၁၀၀၀ ကျော် စီးနင်းလိုက်ပါလျက်ရှိပြီး ဝင်ငွေအားဖြင့် တစ်ဆိုင်းပျမ်းမျှကျပ်သိန်း ၄၀ ကျော် ရရှိပါကြောင်း၊ လူစီးတွဲ ၂၈ တွဲ ထပ်မံဖြည့်တင်း ပြေးဆွဲနိုင်ခြင်းအားဖြင့် ခရီးသွားပြည်သူအရေအတွက် ပိုမိုတိုးတက်လာစေရန်၊ ခရီးသွားပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စိတ်ချမ်းမြေ့မှုတို့ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် မြန်မာ့မီးရထား၏ ဝင်ငွေနှင့် စွမ်းဆောင်ရည်တိုးတက်လာပြီး မြန်မာ့မီးရထား၏ပုံရိပ် ပိုမိုကောင်းမွန်လာရန် မျှော်မှန်းပါကြောင်း။

သို့ဖြစ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ လူစီးတွဲသစ် ၂၈ တွဲ ဝယ်ယူရေးစီမံကိန်းအတွက် အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ရယူရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုလွှတ်တော်နာယက** က ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ၃ ရွာကို စုစည်း၍ ရပ်ကွက် ၅ ရပ်ကွက် ပါဝင်သော ဟဲဟိုးမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ ၅ ရွာကို စုစည်း၍ ဝါးရုံပင်ကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာ ၃ ရွာကို စုစည်း၍ စကားအင်းကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာ ၃ ရွာ ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**သတင်းစဉ်**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ဝန်ထမ်းများ ပိုမိုသိရှိနားလည်ပြီး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။** (အောက်ပုံ)



### လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ

အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အဓိက အရေးကြီးသော ခေါင်းစဉ်များကို ထည့်သွင်းထားပါကြောင်း၊ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဖက်ဒရယ်စနစ်၊ ငြိမ်းချမ်းရေးဆိုင်ရာများကို ပိုမိုသိရှိစေရန် ဖြစ်ပါကြောင်း၊ ထို့အတူ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးသာမက အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခွင့်ရကြသည့်အတွက် နှိုင်းယှဉ်လေ့လာစရာများ ရရှိလာမည်ဖြစ်ပါကြောင်း၊ NRPC ဝန်ထမ်းများအတွက် နောက်ထပ်အလုပ်ရုံဆွေးနွေးပွဲများလည်း ကျင်းပရန် စီစဉ်ထားပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ အရေးပါပုံကို နားလည်သဘောပေါက်နိုင်ရန် ခေါင်းစဉ်တစ်ခုကိုလည်း ထည့်သွင်းထားပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ တစ်ဆင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ ထို့အတူ ယခုအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း။

### ရေရှည်လုပ်ဆောင်ရသည့်လုပ်ငန်းစဉ်

အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့ အနေဖြင့် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးလိုအပ်သည့် နိုင်ငံရေး သဘောတူညီချက်များ ရရှိရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် NRPC အနေဖြင့် EU ကဲ့သို့သော မိတ်ဆွေနိုင်ငံများ၏ ငွေကြေးနှင့် နည်းပညာဆိုင်ရာ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်လိုအပ်နေမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှုပ်ထွေးမှုကို နားလည်ပြီး မိမိတို့အား ဆက်လက်ကူညီပေးနေသောနိုင်ငံအချို့၏ နားလည်မှု၊ ယုံကြည်မှုနှင့် ပံ့ပိုးမှုများကို မိမိတို့ ကျေးဇူးတင်ရှိ ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများနှင့် အလုပ်ရုံဆွေးနွေးပွဲ အထမြောက်အောင် ကူညီပံ့ပိုးသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော NRPC ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr Kristian Schmidt က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဥရောပသမဂ္ဂသံအမတ်ကြီးတို့ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ တာဝန်ရှိသူတစ်ဦးက အမှတ်တရ လက်ဆောင်ပေးအပ်သည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အကျဉ်းချုပ် ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်ထွန်းသက်၊ ဦးဇော်ဌေးနှင့် ဦးမိုးဇော်ဦးတို့က လည်းကောင်း၊ ဖက်ဒရယ်စနစ် ခေါင်းစဉ်ဖြင့် ဒေါက်တာငွန်ကျုံးလျန် က လည်းကောင်း၊ ငြိမ်းချမ်းရေးအထောက်အကူပြု ခေါင်းစဉ်ဖြင့် ဦးလှမောင်ရွှေနှင့် ဦးအောင်နိုင်ဦးတို့က လည်းကောင်း၊ နိုင်ငံတကာပဋိပက္ခဖြစ်စဉ်များ ခေါင်းစဉ်ဖြင့် ဒေါက်တာမင်းဇော်ဦး ကလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်(**ယနေ့**)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဆက်သွယ်ဆက်ဆံရေး ခေါင်းစဉ်ဖြင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် UEHRD မှ ဦးကျော်မြင့်တို့က လည်းကောင်း၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဒေါက်တာစန်းစန်းအေးနှင့် ဒေါ်နန်ရော်က လည်းကောင်း၊ နိုင်ငံခြားဆက်ဆံရေးနှင့် သံတမန်ဆိုင်ရာများ ခေါင်းစဉ်ဖြင့် အကြံပေးပုဂ္ဂိုလ် ဦးမောင်ဝေနှင့် ဒေါ်ကေသီစိုးတို့က လည်းကောင်း၊ ငြိမ်းချမ်းရေးရန်ပုံငွေဆိုင်ရာ ခေါင်းစဉ်ဖြင့် ဒေါ်စုမွန်ငြိမ်းနှင့် Kam Sian Thang တို့က လည်းကောင်း၊ အစည်းအဝေးမှတ်တမ်းဆိုင်ရာ သိသင့်သည့်အချက် ခေါင်းစဉ်ဖြင့် ဒေါ်မိုးသူဇာနှင့် ဒေါ်ခိုင်မြတ်ချစ်တို့က လည်းကောင်း ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနတည်ထောင်ခြင်း (၁၈)နှစ်ပြည့်အထိမ်းအမှတ် တက္ကသိုလ်အဆင့် အင်္ဂလိပ်စာ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပညာရေးဝန်ကြီးဌာန ဆီမီယိုဒေသဆိုင်ရာ သမိုင်း၊ ရိုးရာဓလေ့ဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနတည်ထောင်သည့် (၁၈) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် History in the Eyes of Digital Generation ခေါင်းစဉ်ဖြင့် တက္ကသိုလ်အဆင့် အင်္ဂလိပ်စာ ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ပြည်လမ်းရှိ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာနဆေးတက္ကသိုလ် (၁) ဝင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ စာရင်းပေးသွင်းရမည့် နောက်ဆုံးရက်မှာ နိုဝင်ဘာ ၁၉ ရက် ရုံးချိန်အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်လိုသော တက္ကသိုလ်အသီးသီးမှ ကျောင်းသားကျောင်းသူများ အနေဖြင့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနဆေးတက္ကသိုလ် (၁) ဝင်းပြည်လမ်း၌ လူကိုယ်တိုင် ကျောင်းသားကဒ်နှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်ရာ ပဏာမရွေးချယ်ယှဉ်ပြိုင်မှုကို ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်မှုနှင့် ပတ်သက်၍ ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အချက်အလက်များ အသေးစိတ်သိရှိလိုပါက SEAMEO CHAT Facebook တွင် ဖတ်ရှုနိုင်ကာ တယ်လီဖုန်းအမှတ် ၀၁-၅၁၅၁၈၀ နှင့် ၀၁-၅၃၉၇၀၈ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦးတို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မှောက်၌ ကတိသစ္စာပြု၍ **(ယာပုံ)**ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

## အစည်းအဝေးတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်း ၂၃ ခု အဆို ၁၀ ခုနှင့် ကြယ်ပွင့်ပြမေးခွန်း ၁၂၀ရှိ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် ကြားဖြတ်ရွေးကောက်ပွဲ၌ အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံခဲ့ရသည့် ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်မှ လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုအပ်ပါကြောင်း၊ ယနေ့ စတင်ကျင်းပသည့် ဒသမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် ၂၃ ခုနှင့် အဆို ၁၀ ခု ရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် နဝမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၁၁၉ ခု အပါအဝင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၂၀ ရှိသည်ကို အသိပေးတင်ပြပါကြောင်း။

မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ ရှင်သန်ရပ်တည်လာခဲ့သည်မှာ ဒုတိယသက်တမ်း၏ ဒသမအကြိမ်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ခိုင်မာအားကောင်းသည့် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ခေတ်စနစ်၏ လိုက်လျောညီထွေသည့် ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ရမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ခေတ်သစ်၊ စနစ်သစ်နှင့် လိုက်လျောညီထွေသည့် တွေးခေါ်မှုများကို ပြောင်းလဲခံယူကျင့်သုံးနိုင်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိ ဒီမိုကရေစီစနစ်ကို ပုံဖော်နေသည့် အချိန်ကာလတွင် ရှိသင့်ရှိထိုက်သည့် ဒီမိုကရေစီ စံချိန်စံညွှန်းများ ရောက်ရှိရန် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းများ၊ အဆိုများ ဆွေးနွေးကြသည့်အခါ အချင်းချင်း စိတ်ဝမ်းကွဲပြားစေမည့် အပြောအဆိုများ၊ အထင်အမြင်လွဲမှားစေမည့် အပြုအမူများကို သတိပြုရှောင်ရှားကြစေလိုပါကြောင်း၊ ပါတီများအကြား မူဝါဒမတူ၊ အမြင်မတူသည်များ ရှိကြသော်လည်း မိမိတို့အားလုံးသည် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာ ဆွေးနွေးဆုံးဖြတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

## အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ပြည်သူများနှင့်အတူ မိမိတို့ ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာ ပါဝင်ဆောင်ရွက်

ဥပဒေပြုရေးတာဝန်များ ထမ်းဆောင်ရန် မိမိတို့ကို ပြည်သူက ရွေးချယ်တာဝန်ပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်သည် မိမိတို့ ပြည်သူများအတွက် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေများနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်နိုင်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးကြရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်မှလည်း ဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲမှုများ အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ထောင်နိုင်ရန်အတွက် ကြုံတွေ့နေရသည့် အဓိကစိန်ခေါ်မှုမှာ ပြည်တွင်းငြိမ်းချမ်းရေးသာ ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိမှသာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ပြည်သူများနှင့်အတူ မိမိတို့ ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာ ပါဝင်ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေးကြား ကာလအတွင်း၌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဂျာမနီနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် အင်ဒိုနီးရှားနိုင်ငံ Southeast Asia and Pacific Regional Conference on International Humanitatian Law(IHL) ညီလာခံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာ ဦးသန်းဝင်း ဦးဆောင်၍ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆွစ်ဇာလန်နိုင်ငံ (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ ဝါးခယ်မမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ မင်းလှ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းအောင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ စပိန်နိုင်ငံ The Global Parliamentary Summit သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၏ ထိုင်းနိုင်ငံ Roundtable Discussion on Regional Investment Framework for Migrant Health in the Greater Mekong Subregion သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဦးဆောင်၍ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျုံဆန်မိုင် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ထိုင်းနိုင်ငံ King Prajadhipok's Institute (KPI) အဖွဲ့အစည်း၏ (၂၀)ကြိမ်မြောက် ကွန်ဂရက်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်အမျိုးသား




လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဦးဆောင်၍ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဂျပန်နိုင်ငံ 14th Study Tour in Japan on Law/Judicial Cocreation Program သို့ သွားရောက်သည့် ခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **မုံရွာမြို့လယ်တီရပ်ကွက် စည်ပင်ဝင်းအတွင်း မြေအငှားချထားသော ပုဂ္ဂလိကပိုင် ကွန်ကရစ်ဖျော်စက်အား အငှားချထားပေးခြင်းမှ ရပ်စဲရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက မုံရွာမြို့လယ်တီရပ်ကွက် စည်ပင်ပိုင်ဝင်းမြေအတွင်းရှိ ပုဂ္ဂလိကပိုင် ကွန်ကရစ်ဖျော်စက်သည် စာချုပ်ချုပ်ဆို အငှားချထားခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက် မှ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ၃ နှစ်ဖြစ်ပါကြောင်း၊ ယခုအခါ စာချုပ်သက်တမ်းပြည့်ပြီဖြစ်သောကြောင့် ဆက်လက်ငှားရမ်းခြင်းအား ရပ်နားပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပိုင် ကွန်ကရစ်ဖျော်စက်အား စာချုပ်ချုပ်ဆို ငှားရမ်းခဲ့သည့် မိုးမြင့်အာကာကုမ္ပဏီသို့ အဆောက်အအုံနှင့် စက်ပစ္စည်းများ ဖြုတ်သိမ်းပြောင်းရွှေ့ရန် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကြောင်းကြားထားပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၉ ဧပြီလအတွင်း အပြီးပြောင်းရွှေ့မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **လှိုင်သာယာမြို့နယ် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံမှ အမှိုက်များအား မီးရှို့ရှင်းလင်း၍ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်း၊ စနစ်တကျ အမှိုက်များသိမ်းယူခြင်း၊ အမှိုက်စုပုံခြင်းများကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ၌ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီး ၂ ခုဖြစ်သော ထိန်ပင်နှင့် ထားဝယ်ချောင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတို့တွင် စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်ခြင်း (Waste to Energy) နည်းစဉ်ဖြစ်သည့် အမှိုက်မီးရှို့ခြင်း (Incineration Plant) နှင့် အမှိုက်တစ်လွှာမြေကြီး တစ်လွှာဖုံးအုပ်သည့်စနစ် (Sanitary Landfill) တို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့ရာ ကုမ္ပဏီ ၂ ခုမှ တင်ဒါအောင်မြင်ခဲ့ပါကြောင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီ ၂ ခုမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်တစ်ယူနစ်ရောင်းချဈေးနှုန်း PPA(Power Purchase Agreement) တို့ ညှိနှိုင်းရာတွင် သဘောတူညီချက်မရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိဘဲ တင်ဒါလုပ်ငန်းစဉ်အား ပယ်ဖျက်ခဲ့ရပါကြောင်း။

ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ တန် ၁၀၀၀ အား အမှိုက်ခွဲခြားခြင်း၊ သဘာဝမြေဆွေးပြုလုပ်ခြင်း၊ Recycle အမှိုက်များ ပြန်လည်ပြုပြင်သန့်စင်ခြင်း၊ အမှိုက်မှ အပူနှင့် စွမ်းအင်ထုတ်လုပ်ခြင်း၊ စွမ်းအားဖြည့် Refuse Derived Fuel(RDF) လောင်စာထုတ်လုပ်ခြင်းလုပ်ငန်း၊ အမှိုက်မှ Anaerobic Gigestion နည်းစဉ်အသုံးပြု၍ CNG ၊ CO ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်တို့ဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် City to City အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊ Joint Venture ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ Government to Government အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊ ODA ချေးငွေရယူ၍ ဆောင်ရွက်ခြင်း၊ စွမ်းအားဖြည့် လောင်စာတောင့်များ ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိမြို့တော်နှင့် သင့်လျော်သောနည်းလမ်းကို အချိန်တိုအတွင်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်အတွက် ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ **ပုသိမ်ကြီးမြို့နယ် မင်းဂံကျေးရွာအုပ်စု၊ တောင်စုကျေးရွာ သဘာဝစိမ့်စမ်း ရေထိန်းတောအား နိုင်ငံတော်မှ နယ်နိမိတ်ရေိယာသတ်မှတ်၍ ကျေးရွာပိုင် ရေထိန်းတောအဖြစ် ထိန်းသိမ်းကာကွယ်စောင့် ရှောက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက သစ်တောဦးစီးဌာနသည် ရေဝေရေလဲနှင့် ရေဦးရေထွက်ဧရိယာများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ပုသိမ်ကြီးမြို့နယ်အတွင်း ရေဝေရေလဲဧရိယာများ ထိန်းသိမ်းခြင်း၊ ကျေးရွာများမှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရေထိန်းတောများကို သစ်တောနယ်မြေအတွင်းဖြစ်ပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်ပြုခြင်း၊ သစ်တောနယ်မြေပြင်ပဖြစ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

## သဘာဝစိမ့်စမ်းရေထိန်းတောအား ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်ရေး ပူးပေါင်းဆောင်ရွက်သင့်

သဘာဝစိမ့်စမ်းရေထိန်းတောသည် သစ်တောနယ်မြေပြင်ပတွင် တည်ရှိနေခြင်းကြောင့် သစ်ပင်များခုတ်လှဲခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်လာခြင်း၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ကျူးကျော်အဆောက်အအုံများဆောက်လုပ်ခြင်းတို့ကို သစ်တောဥပဒေအရ ထိရောက်စွာ အရေးယူရန် အခက်အခဲများစွာရှိပါကြောင်း၊ သဘာဝစိမ့်စမ်းရေထိန်းတောအား ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ် ကြေညာနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံကျေးလက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ သစ်တောနယ်မြေအဖြစ် ဆောင်ရွက်ပြီးပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖြစ် တောစုကျေးရွာ ဒေသခံများကို သဘာဝတောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်တို့၏ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက **အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော် တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာများအားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ် သာယာလှပစေရန် စနစ်တကျ အမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မျှတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာ သတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။ အဆိုရှင်က အဆို၏ ရည်ရွယ်ချက်မှာ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသပ်ရပ်သာယာလှပသည့် လူမှုပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာစေရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ ကျေးလက်နှင့် မြို့ပြအဆင့်အတန်း ကွာဟချက်နည်းပါးလာစေရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအပေါ် ကူညီထောက်ပံ့ပေးနိုင်ရန်တို့ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခုဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။



ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြု

ရှေးဦးစွာ ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒများကို နားထောင်ခဲ့ကြ၊ ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အတွင်း မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများအပြင် သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကော်မတီလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်သည့်အကြောင်း ပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးကို တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီး မဲဆန္ဒရှင် ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

## မောင်တော- ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ- ဗန္ဓုလလမ်းပေါ်ရှိ တံတားများကို သံကူကွန်ကရစ် တံတားအသစ်များအဖြစ် ဆောင်ရွက်ပေးသွားမည်

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းရှိ ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ- ဗန္ဓုလ လမ်းကြား၌ ဝက်ကျိန်းတံတား၊ တမန်းသားတံတား၊ လက်ျာချောင်းတံတား၊ လောင်းဘုတ်တံတား၊ ဟာလာတပ်ဖာတံတား၊ အာဇဘော်တံတား၊ မာဇီးတံတား၊ ပဒကားဒေဝါနလီတံတား၊ ကြောင်းနဘေတံတား၊ တံတားအမှတ် (၁/၁) တံတားများအား ဦးစားပေးကဏ္ဍအလိုက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မောင်တော- ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ - ဗန္ဓုလလမ်းပေါ်ရှိ တံတားများကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအသစ်များအဖြစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၉- ၂၀၂၀ဘဏ္ဍာနှစ်မှ စတင်၍ ဦးစားပေးကဏ္ဍအလိုက် ပြည်ထောင်စုနှင့် ရခိုင်ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေများတွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် မြို့နယ်များအပါအဝင် ရန်ကုန် - စစ်တွေ အဝေးပြေးလမ်းမကြီးကို ဆက်သွယ်ပေးမည့် ရမ်းဗြဲမြို့နယ်အတွင်းရှိ ရမ်းဗြဲ - လေးတောင် - သပြေဆိပ်လမ်းပိုင်းအား ပြည်ထောင်စုအစိုးရအနေဖြင့် လမ်းအဆင့် (A) အဖြစ် သတ်မှတ်ပြီး ကုန်တင်ကားများ၊ လူစီးကားများ ရာသီမရွေးသွားလာနိုင်သော အဆင့်မီ ကုန်ထုတ်လမ်းဖြစ်သည့် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ / မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါ လမ်းပိုင်းသည် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်သော်လည်း ပြည်ထောင်စုနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လက်ရှိတွင် ရာသီမရွေး သွားလာနိုင်သည့်အတွက် ကျောက်ချောလမ်းအဆင့်ကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်နယ်ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ကွန်ကရစ်လမ်း (သို့မဟုတ်) ကတ္တရာလမ်းအသစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဘီးလင်းတံတားကို တံတားအဟောင်းနှင့်ယှဉ်တွဲ၍ တံတားအသစ်တစ်စင်း ဆောက်လုပ်ပေးရန် လက်ရှိစီစဉ်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ဘီးလင်းမြစ်ကူးတံတားကို အသစ်ပြန်လည် တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက တိုးတက်လာသည့် ယာဉ်စီးရေအရ ဘီးလင်းတံတားကို မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် တံတားအဟောင်းနှင့်ယှဉ်တွဲ၍ တံတားအသစ်တစ်စင်း ဆောက်လုပ်ပေးရန် လက်ရှိစီစဉ်လျက်ရှိပါကြောင်း၊ ဘီးလင်းမြစ်ကူးတံတားအသစ် တည်ဆောက်နိုင်ရေးအတွက် Regional Infrastructure Improvement Project တွင် ပါဝင်ထားပြီး ဖြစ်ပါကြောင်း၊ JICA ODA LOAN Phase III တွင် ပါဝင်ပြီးဖြစ်သည့်အတွက် အသေးစိတ်တိုင်းတာမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့၏မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမိုးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေး

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းသည့် **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၇ မှ*

မိမိတို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းကြောင်းတွင် တိုးတက်ပြောင်းလဲဖြစ်ပေါ်လာသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတို့၌ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ကျေးလက်နှင့် မြို့ပြလူနေထိုင်မှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ စက်ရုံနှင့်အလုပ်ရုံများ ပေါ်များလာခြင်း၊ လူမှုစီးပွားပတ်ဝန်းကျင်နယ်ပယ်အသီးသီးတို့မှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်စီမံခန့်ခွဲရသည့် လုပ်ငန်းများမှာ အလွန်ကြီးမားလှသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း စွန့်ပစ်ပစ္စည်းဖြစ်သည့် အမှိုက်ပြဿနာကို ရင်ဆိုင်ဖြေရှင်းနေကြရပါကြောင်း။

## လူသားတို့၏ ပယောဂလုပ်ဆောင်ချက် အမျိုးမျိုးတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်များ ညစ်ညမ်းမှုပိုမိုဖြစ်ပေါ်လာရ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွန့်ပစ်ပစ္စည်းများဖြစ်သည့် အမှိုက်သရိုက်များကို နည်းမျိုးစုံဖြင့် ရင်ဆိုင်ကျော်လွှားနေကြရပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်ကမ်းခြေဒေသများတွင် ပင်လယ်သမုဒ္ဒရာ ရပ်ဝန်းဒေသများအတွင်းသို့ ရောက်ရှိသွားသော အမှိုက်များကိုလည်း ခေတ်မီနည်းစနစ်အမျိုးမျိုးဖြင့် ရှင်းလင်းဆောင်ရွက်နေကြရပါကြောင်း၊ လူဦးရေတိုးတက်များပြားလာသည်နှင့် အမျှ လူသားတို့၏ ပယောဂလုပ်ဆောင်ချက်အမျိုးမျိုးတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်များ ညစ်ညမ်းမှုပိုမိုဖြစ်ပေါ်လာရပါကြောင်း၊ စွန့်ပစ်ပစ္စည်းများအားလုံးသည် လေထု၊ မြေထုနှင့် ရေထုတို့၏ ပင်ကိုအစွမ်းသတ္တိများကို ဆုတ်ယုတ်ကျဆင်းစေပြီး လူသားထုတစ်ရပ်လုံး၏ ကျန်းမာရေးလူမှုရေးဆိုင်ရာကဏ္ဍများကိုပါ ထိပါးခြိမ်းခြောက်လာနိုင်ပါကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်ဖြစ်သော ရေရှည်တည်တံ့၍ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်မှ တောက်ပသော အနာဂတ်မြန်မာနိုင်ငံတော်ကြီးဆီသို့ အလျင်အမြန်ရောက်ရှိနိုင်ရန်အတွက် နိုင်ငံသားတိုင်းက အမျိုးသားတာဝန်တစ်ရပ်အနေဖြင့် လိုက်ပါဖော်ဆောင်ကျင့်သုံးသွားကြရန် လိုအပ်လှပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို လက်ခံရရှိကြောင်းနှင့်ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ထူးခြားသည့် ညအပူချိန်များ**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့် သီပေါမြို့ တီးတိန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပဲခူးမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ကိုကိုးကျွန်းမြို့နှင့်လှည်းကူးမြို့တို့တွင် ဝ ဒသမ ၄၇ လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ဝ ဒသမ ၂၄ လက်မ၊ သထုံမြို့တွင် ဝ ဒသမ ၁၉ လက်မနှင့် တောင်ငူမြို့တွင် ဝ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၃ / ၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက် (၅) နေ ဒေါ်စင်းမေနှင့် ရပ်ကွက် (၇) နေ ကျော်မြင့်တို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၁-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက်(၅)နေ ဒေါ်စင်းမေ(၄၀)နှစ်၊ (ဘ) ဦးမောင်တော၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ သမီးဖြစ်သူ မပန်းပန်းဆွေ (၁၈)နှစ်၊ (ဘ)ဦးစံမောင်နှင့် တူဖြစ်သူ ဆန်းပို(၂၀)နှစ်၊ (ဘ) ဦးအောင်ဝင်းတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ(ပ)၇၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့်လည်းကောင်း၊ အလားတူ ရပ်ကွက်(၇)နေ ကျော်မြင့် (၄၈)နှစ်၊ (ဘ) ဦးမောင်ဆည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လုံးတုံ) မယ(ပ)၇၇/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက်(၅)နေ ဖိုးနီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၁-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက်(၅)နေ ဖိုးနီ(ခ) စိုးညွန့်နိုင် (၄၁)နှစ်၊ (ဘ) ဦးလွန်းစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လုံးတုံ)မယ(ပ)၈၀/ ၂၀၁၈၊မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပေါက်ပင်ကွေ့ (အနောက်) ရွာနေ အောင်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၁-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပေါက်ပင်ကွေ့(အနောက်) ရွာနေ အောင်ကျော် (၄၁)နှစ်၊ (ဘ)ဦးဝင်းဋ္ဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ)၄၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ ဒေါ်တင်နွယ်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၁-၂၀၁၈ ရက်နေ့တွင် ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ ဒေါ်တင်နွယ်ဦး (၃၈)နှစ်၊ (ဘ)ဦးချို၏ ယာတောအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ)၁၆၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်းကုန်းကျေးရွာနေ ဇော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၁-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ အောင်းကုန်းကျေးရွာနေ ဇော်ဦး(၃၅)နှစ်၊ (ဘ)ဦးစိန်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းတော်) မယ(ပ)၁၂၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာနေ မောင်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၁-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာအနီး၊ အနင်း- နှစ်ကရင်ကျေးရွာသွား လမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းစစ်ဆေးနေစဉ် Honda Wave-125 ဆိုင်ကယ်ဖြင့် မောင်းနှင်လာသူ မောင်စိုး (ခ)နိုင်စိုး (၂၉)နှစ်၊ (ဘ)ဦးစိန်လင်း၊ နှစ်ကရင်ကျေးရွာနေသူအား ရပ်တန့်စစ်ဆေးရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း) မယ(ပ)၁၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ သံဖြူဇရပ်မြို့နယ်၊ အနင်းကျေးရွာ၊ ဘူတာပိုင်းနေ မောင်အလင်း (ခ) ခိုင်ခိုင်လင်း (၂၇)နှစ်၊ (ဘ) ဦးထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ အပိတ်(ခ)ခင်မောင်ဝင်း (၂၈)နှစ်၊ (ဘ) ဦးဘော့ တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များ၊ ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(သံဖြူဇရပ်) မယ(ပ)၂၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၀-၁၁-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၃၇၇) မှု ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံ ကျား (၄၉၆) ဦး၊ မ(၉၄)ဦး၊ ပေါင်း(၅၉၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၃၇၂.၆၈)ဂရမ်၊ ICE (၂၄.၉၁)ဂရမ်၊ ဘိန်း (၃၈၃၉၄.၄၁) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၁၈၅၀.၉၉)ဂရမ်၊ ဘိန်းစာရွက် (၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၁၆၉၆၆၇)ပြား၊ ဆေးခြောက် (၃၆၉၆.၀၃)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၁၇.၄)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၁.၆၅)ဂရမ်၊ သေနတ် မျိုးစုံ(၁၂)လက်၊ ကျည်မျိုးစုံ(၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်း စစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ ဟန်ထက်ကျေးရွာအနီး ဟန်ထက်- မန်စီသွား ကားလမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြစ်ကြီးနားမြို့နယ်၊ (၂၁)မိုင်စစ်ဆေးရေးဂိတ်တွင် သတင်းအရ Crown ယာဉ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံအမျိုးသား(၄)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၅)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၇၀၀)ပြား၊ ဘိန်းဖြူ(၁၆၂၇.၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး ဖမ်းဆီးရမိပြီး ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်ရှိ တရားခံနေအိမ်မှ ဘိန်းဖြူ (၄.၉)ဂရမ်၊ ဘိန်းစိမ်း(၃၀)ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ပန်ဟုတ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၂၀)ပြား၊ တန့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအနီး မန်ကတ်-တန့်ယန်းသွား ကားလမ်းမပေါ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၈၄)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ကတ်ကျေးရွာအနီး မိုင်းပျဉ်း-မိုင်းဆတ်သွား ကားလမ်းမပေါ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၁၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ- ကျောက်ဆည်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၅)ပြား၊ ဘိန်းစိမ်း(၁၁၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ မန်ဆူအဝေးပြေးကားဝန်းရှိ မန်းချယ်ရီကားဂိတ်တွင် မန္တလေးသို့ ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်ရန် အပ်နှံထားခဲ့သည့် Sound Box ဂျပ်ဖာအား စိစစ်ခဲ့ရာ ၎င်းဂျပ်ဖာအတွင်းမှ စိတ်ကြွဆေးပြား (၅၄၀၀)ပြား၊ မူဆယ်မြို့၊ မန့်ဝိန်း ရပ်ကွက်၊ နယ်မြေ(၈)၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀၀)ပြား၊ သိန္နီမြို့နယ်၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့နယ်၊ ကွန်ဟိုင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၈၂၃၅)ပြား၊ ဘိန်းဖြူ (၆၀.၂)ဂရမ်၊ ရွှေထည်ပစ္စည်းမျိုးစုံ(၂)မျိုး (အလေးချိန် ၁၄ ပဲ ၅ ရွေး)၊ ကွင်းဆက်စစ်ဆေးချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၃၀၅)ပြား၊ ရွှေထည်ပစ္စည်းမျိုးစုံ(၄)မျိုး(အလေးချိန် ၂ ကျပ်သား ၁ ပဲ ၁ မူး)၊ တာချီလိတ်မြို့နယ်၊ လွယ်စီတုံကျေးရွာအဝင်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာအဝင်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၆၅၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကိုးမိုင်ကျေးရွာရှိ ရာဘာခြံအတွင်း၌ တရားခံ အမျိုးသား(၂)ဦးနှင့် အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့မှ စိတ်ကြွဆေးပြား(၃၇၉၈)ပြား၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဒိုးတန်းကျေးရွာ(ရွာသစ်)အောက်ပိုင်း၊ ချောင်းကမ်းစပ်တွင် ပိုင်ရှင်မဲ့ ရပ်တန့်ထားသည့် လှေ(၁)စီးပေါ်မှ စိတ်ကြွဆေးပြား(၉၇၅၀၀၀)ပြား၊ လှေ(၁)စီး၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ မောင်တောမြို့နယ်၊ ဖဇီကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၅)ပြားနှင့် ရွှေဇားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၇)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ မောက်ကလောက်ကျေးရွာအနီး ခန္တီး- ဟုမ္မလင်းသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံ အမျိုးသမီး (၂)ဦးထံမှ ဘိန်းဖြူ(၅၄၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ အင်းတော်မြို့နယ်၊ ရွှေဘို- မြစ်ကြီးနားသွားကားလမ်းနှင့် ကသာ- နဘားဘူတာသွား လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရှာဖွေရာ တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်းဖြူ(၁၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အရှေ့ရပ်ကွက်၊ သီရိမန္တလာအဝေးပြေး ကားဝန်းအတွင်း ပိုင်ရှင်မဲ့ အထုပ်(၁)ထုပ်အား တွေ့ရှိစိစစ်ခဲ့ရာ ၎င်းအထုပ်အတွင်းမှ စိတ်ကြွဆေးပြား(၁၄၅၀၀)ပြား၊ စိတ်ကြွဆေး အကြေမှုန့်(၇၈)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၀၈၁)ပြား၊ ICE (၉.၅)ဂရမ်၊ Honda Fit ယာဉ်(၁)စီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးထံမှ စိတ်ကြွဆေးပြား(၅၁၈၉)ပြားအား လည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီး ရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာအနီး ကွတ်ခိုင်- ကောင်းခါးသွား ကားလမ်းမပေါ်၌ သတင်းအရ Hilux ယာဉ်အား စိစစ်ရန် ရပ်တန့်တားဆီးစဉ် နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ် ဖမ်းဆီးရာ မစိုးရိမ်ရ ဒဏ်ရာဖြင့် တရားခံ အမျိုးသား(၁)ဦးအား ဘိန်းဖြူ(၄၈၄)ဂရမ်နှင့်အတူ မော်တော်ယာဉ်(၁)စီးအား လည်းကောင်း၊ နိုင်ငံခြားသား များပါဝင်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံနယ်စပ် ပူးပေါင်းစစ်ဆေးဂိတ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၃.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မောတောင်နယ်စပ် စစ်ဆေးရေးဂိတ်တွင် သတင်းအရ Hilux ယာဉ်အား ရပ်တန့်စစ်စစ်ရှာဖွေရာ ထိုင်းနိုင်ငံသား အမျိုးသား(၃)ဦးထံမှ ဘိန်းစာမှုန့် (၂၆၆၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြား ဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၄-၁၁-၂၀၁၈ ရက်နေ့မှ ၁၀-၁၁-၂၀၁၈ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၃၃)မှုတွင် တရားခံ ကျား(၂၈၉)ဦး၊ မ(၃၇)ဦး၊ ပေါင်း(၃၂၆)ဦးကို ဘိန်းဖြူ(၄၆၈၉.၄၄)ဂရမ်၊ ICE (၁၁.၅)ဂရမ်၊ ဘိန်း(၁၃၄၂၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၇၁.၅) ဂရမ်၊ ဘိန်းစာမှုန့်(၂၆၆၂၀၈.၉၉)ဂရမ်၊ ဘိန်းစာရွက်(၂၆၆၁၄၉.၂၅)ဂရမ်၊ စိတ်ကြွဆေးပြား(၁၂၀၈၇၆၄.၅) ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၇၈)ဂရမ်၊ ဆေးခြောက်(၃၄.၅)ဂရမ်၊ ဘိန်းဆီခဲ(၇၄)ဂရမ်၊ ဘိန်းရည် (၄)လီတာ၊ ရွှေထည်ပစ္စည်းမျိုးစုံ(၆)မျိုး (အလေးချိန် ၂ ကျပ်သား ၁၅ ပဲ ၁ မူး ၅ ရွေး)တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**


အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၈ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မဟုတ်ဘဲ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မှန်ကန်စွာ ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် မှန်ကန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးခင်မောင်တင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် အသုံးပြုရန် ဥရောပသမဂ္ဂမှလှူဒါန်းသော ဓာတ်လှေကားဖွင့်ပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန အတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်သည် ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဥရောပသမဂ္ဂမှ တပ်ဆင်လှူဒါန်းသည့် ဓာတ်လှေကားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ဥရောပသမဂ္ဂမှ ဓာတ်လှေကား တပ်ဆင်လှူဒါန်းသည့်အပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဟီတာချီ မြန်မာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ဓာတ်လှေကားနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဥရောပသမဂ္ဂ သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က ဓာတ်လှေကားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော် ဦးဆောင်သောအဖွဲ့ ဂျော်ဂျီယာနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် နိုဝင်ဘာ ၁၂**

ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဂျော်ဂျီယာနိုင်ငံ Tiblisi မြို့တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပပြုလုပ်မည့် "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လေ့လာရေးခရီး" နှင့် "တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေအထောက်အကူပေးရေးညီလာခံ" သို့ တက်ရောက်ရန် ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့မှ ဂျော်ဂျီယာနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့တွင် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော် ဦးဆောင်ကာ အဖွဲ့ဝင်များအဖြစ် ဦးကျော်ဟိုး၊ ဦးကျော်စိုးဗိုလ်၊ ဒေါ်နန်းခမ်းအုံ တို့နှင့် အတူ ဌာနဆိုင်ရာနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(ဝဲပုံ)**

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် ဆင်းရဲနွမ်းပါးသူများ၊ အကူအညီမရသော အားနည်းသူများအတွက် အရည်အသွေးပြည့်မီသော ဥပဒေရေးရာ အကူအညီများ ရရှိရေးဆောင်ရွက်ရာ၌ ကြုံတွေ့နေရသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဦးတည်ဆွေးနွေးနိုင်ရန် ရည်ရွယ်ကာ ဂျော်ဂျီယာနိုင်ငံ ပါလီမန်နှင့် ဂျော်ဂျီယာနိုင်ငံ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဌာနတို့က အဆိုပါညီလာခံကို ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ယင်းညီလာခံကို သုံးနှစ်တစ်ကြိမ်ကျင်းပကာ တစ်ကြိမ်လျှင် သုံးရက်ကြာ ကျင်းပလေ့ရှိပြီး ပထမအကြိမ်ညီလာခံကို ၂၀၁၄ ခုနှစ် ဇွန်လတွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်၌ လည်းကောင်း၊ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် အာဂျင်တီးနားနိုင်ငံ တွီနိုင်ရိစ်၌ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်း ကျင်းပသည်။

ပြသရောင်းချပွဲ စတင်ကျင်းပသည့် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာ ကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်တို့၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား လွတ်လပ်စွာလေ့လာကြည့်ရှုလျက်ရှိသည်။

မွန်းတည့် ၁၂ နာရီတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်တို့၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ပြသရောင်းချပွဲတွင် ကျောက်မျက်အတွဲ (၉၆)တွဲနှင့် ကျောက်စိမ်းအသားကျောက် အတွဲ (၃၃၃၉) တွဲတို့ကို တင်ဒါစနစ်များဖြင့် နိုဝင်ဘာ ၁၇ ရက်ထိ ပြသရောင်းချသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာ ပြသရောင်းချပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်ဦး က "အရင်းအနှီးနည်းတဲ့ ကျောက်စိမ်းကျောက်မျက် ပြည်တွင်းကုန်သည်တွေ နိုင်ငံအတွင်းမှာ ရှိပါတယ်။ အဓိကအားဖြင့် အဲဒီလို ကုန်သည်တွေ ကုန်ကြမ်းရစေဖို့ ကျင်းပ



ပြည်တွင်းရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအသားကျောက်များအား ကြည့်ရှုနေစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်များကို ကြည့်ရှုအားပေးစဉ်။

ရတာ ဖြစ်ပါတယ်။ ကျောက်စိမ်းမှာ အရည်၊ အထည်နဲ့အသားဆိုတဲ့ အရည်အသွေး သုံးမျိုးရှိပါတယ်။ ကျောက်စိမ်းတူးဖော်တဲ့နေရာမှာ အသားကျောက်က အများဆုံးထွက်ရှိပါတယ်။ အခုပြသရောင်းချတဲ့ပွဲက အသားကျောက်တွေကို အဓိက ရောင်းချတဲ့ပွဲဖြစ်ပါတယ်။

"ဒီပြသရောင်းချပွဲကို နိုဝင်ဘာ ၁၂ ရက်ကနေ ၁၇ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ကျောက်မျက်အတွဲ(၉၆)တွဲကို နိုဝင်ဘာ ၁၂ ရက်ကနေ ၁၃ ရက်အထိ လေ့လာ ကြည့်ရှုခွင့်ပြုထားပြီး နိုဝင်ဘာ ၁၄ ရက်မှာ တင်ဒါစနစ်နဲ့ ရောင်းချသွားမှာ ဖြစ်ပါတယ်။

"အလားတူပဲ ကျောက်စိမ်းအတွဲတွေကို နိုဝင်ဘာ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာ လေ့လာကြည့်ရှုခွင့်ပြုထားပြီး အတွဲအမှတ်(၁)ကနေ (၁၁၅၀)တွဲကို နိုဝင်ဘာ ၁၅ ရက်၊ အတွဲအမှတ်(၁၁၅၁) ကနေ အတွဲအမှတ် (၂၃၀၀)တွဲကို နိုဝင်ဘာ ၁၆ ရက်နဲ့ အတွဲအမှတ်(၂၃၀၁) တွဲကနေ အတွဲအမှတ်(၃၃၃၉)တွဲထိကို နိုဝင်ဘာ ၁၇ ရက်မှာ တင်ဒါစနစ်နဲ့ပဲ ရောင်းချသွားမှာဖြစ်ပါတယ်။ ပြည်တွင်း ရတနာကုန်သည် ၁၁၈၆ ဦး လာရောက်ကြည့်ရှုလေ့လာဖို့ မှတ်ပုံတင်ထားပါတယ်။ ပြည်တွင်း ပြည်ပ မီဒီယာတွေကိုလည်း လွတ်လပ်စွာ သတင်းရယူနိုင်ဖို့ ဖိတ်ကြားထားပါတယ်"ဟု ပြောသည်။

**သတင်းစဉ်**

## ရေကြောင်းပိုးလမ်းမနိုင်ငံများ စာပေဖွံ့ဖြိုးရေးဆွေးနွေးပွဲ တက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ရေကြောင်းပိုးလမ်းမနိုင်ငံများ စာပေဖွံ့ဖြိုးရေးဆွေးနွေးပွဲ တက်ရောက်ရန်အတွက် ယမန်နေ့ နံနက်ပိုင်းက မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယ၊ အီဂျစ်စသောနိုင်ငံပေါင်း ၁၇ နိုင်ငံမှ စာရေးဆရာများ၊ စာပေပညာရှင်များနှင့်တွေ့ဆုံ၍ စာတမ်းဖတ်ကြား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်မှ ပေးအပ်သည့် လူမှုရေးပင်စင်ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက်လာရောက်ပေးအပ်

**ပြည် နိုဝင်ဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးသည် ပြည်မြို့ ရွှေကူရပ်ကွက် ပန်းဘဲတန်းလမ်းနေ အဘွားဒေါ်သိန်းတင် (၉၀ နှစ်)အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမသုံးလပတ် (အောက်တိုဘာ-နိုဝင်ဘာ-ဒီဇင်ဘာ)လ အတွက် တစ်လလျှင် တစ်သောင်းကျပ်နှုန်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် သုံးသောင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါ နေအိမ်ရှိ အဘွားထံ အိမ်တိုင်ရာရောက် လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## "မုန်းစွဲ" ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၁၆ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ဩရသ ရိုက်ကူးထားသည့် "မုန်းစွဲ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအဖြစ် နိုဝင်ဘာ ၉ ရက် ညနေပိုင်းက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာ ဩရသ က "ကျွန်တော့်ဘဝမှာ စိတ်ကူးနဲ့ အကြိမ်ကြိမ်ရိုက်ခဲ့တဲ့ ဇာတ်ကားတစ်ကားပါ။ ဇာတ်ညွှန်းပိုင်းနဲ့ ရိုက်ကူးရေးအပိုင်းမှာ အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ ဖြစ်ရပ်မှန်ဆိုတဲ့အတွက်ကြောင့် ပြင်ပနဲ့ အများကြီးကွဲထွက်မသွားအောင်၊ ရုပ်ရှင်အနေနဲ့လည်း ကြည့်လို့ အဆင်ပြေရမယ့် ပုံစံမျိုးဖြစ်အောင်လုပ်ရင်းနဲ့ အချိန်အများကြီး ကြာခဲ့ရတယ်။ ဖြစ်ရပ်မှန်ကို အတတ်နိုင်ဆုံးပုံဖော်ခဲ့တဲ့အတွက် ကျေနပ်မှုအပြည့်အဝရှိပါတယ်။ ဒီကားဟာ စင်ကာပူနဲ့ မြန်မာ တစ်ပြိုင်နက်တည်းပြခွင့်ရတဲ့ ကားအဖြစ် ပထမဆုံး မှတ်တမ်းဝင်သွားတဲ့အတွက်လည်း ဖန်တီးတဲ့ ဒါရိုက်တာတစ်ယောက်အနေနဲ့ အတိုင်းမသိကျေနပ်ပါတယ်"ဟု ပြောသည်။



ဒါရိုက်တာ ဩရသ



နေတိုး



ကျော်ကျော်ဗိုလ်

အဆိုပါ ဇာတ်ကားတွင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ မင်းသွေး၊ ဖွေးဖွေး၊ အေးဝတ်ရည်သောင်းနှင့် အခြားသော အနုပညာရှင်များပါဝင်ထားပြီး ဆရာတော် အရှင်ဆန္ဒာဓိက၏ ဖြစ်ရပ်မှန်တရားတော်တစ်ပုဒ်ကို အခြေခံကာ ရိုက်ကူးထားသည့် ဘဝသင်ခန်းစာပေး ဇာတ်ကားမျိုးဖြစ်သည်။

သရုပ်ဆောင် နေတိုးက "ပုံမှန်အားဖြင့် ဒီဇာတ်ကားဟာ စိတ်ကူးယဉ်ဇာတ်လမ်း မဟုတ်ပါဘူး။ တကယ့် True Story ဖြစ်တဲ့အတွက် ဇာတ်ကောင်စရိုက်နဲ့ ကိုက်ညီအောင် သရုပ်ဆောင်ဖို့ အရေးကြီးတယ်။ သံဃာတစ်ပါးလို သရုပ်ဆောင်ရတယ်။ တကယ့် လူသတ်မုဒိမ်းသမားတစ်ယောက်လို သရုပ်ဆောင်ရတယ်။ ဒီကားထဲမှာ ပါတဲ့လူတွေသည် ဘယ်လိုစိတ်ခံစားမှုရှိလဲ၊ ဇာတ်ကောင်တွေရဲ့ နေ့နံတွေနဲ့ သွေးအုပ်စုတွေကအစ စဉ်းစားလေ့လာပြီး ဇာတ်ကောင်စရိုက်ပီပြင်အောင် ရိုက်ကူးထားတာပါ။ ရုပ်ရှင်အနေနဲ့ရော မိမိရဲ့ဘာသာတရားအနေနဲ့ပါ တာဝန်ကျေအောင် ကြိုးစားထားပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ကျော်ကျော်ဗိုလ် က "ဒီကားမှာ ကျွန်တော့်ကိုပေးလာတဲ့ ပုံသဏ္ဍာန်ကွာတယ်။ အရင်ဇာတ်ကားတွေတုန်းက ကျွန်တော့်အနေနဲ့ အနုပညာကို အဲဒီလောက်လုပ်ပြပိုင်ခွင့်ရတဲ့ ဇာတ်ကား နည်းခဲ့တယ်။ ဒီကားကတော့ ကိုယ့်ရဲ့ လုပ်ချင်စိတ် ဆန္ဒနဲ့ ဇာတ်နဲ့ တစ်ထပ်တည်းကျသွားတယ်။ ရှိသမျှ အိုက်တင်တွေ အကုန်ထွက်သွားတဲ့ သဘောရှိပါတယ်။ ဇာတ်ကားထဲက ဇာတ်ကောင်ဖြစ်တဲ့ ဖိုးအောင်ရဲ့ စိတ်အတိုင်းအတာ အကုန်လုံးကို လုပ်ပြနိုင်ခဲ့တယ်။ အစွဲကြီးတော့ ဘဝတွေခြားသွားလည်း ပါလာခဲ့တဲ့သဘောပါ။ အဲဒါကို အဓိက သံဝေဂ ယူစေချင်တာပါ" ဟု ပြောသည်။

အမုန်းများနှင့် ကြမ်းတမ်းသည့် ဘဝ၊ ဝိပဿနာတရားဖြင့် အမုန်းတရားများကို ချုပ်ငြိမ်းပြီး အစွဲတို့ကိုဖြုတ်ချနိုင်သော ရဟန်းဘဝတို့ကို ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး ချစ်ခြင်း မုန်းခြင်းကြောင့် ဖြစ်ပေါ်လာသောအစွဲတို့ ကင်းဝေးမှသာ ကောင်းမွန်သောဘဝကို ပိုင်ဆိုင်နိုင်ပုံနှင့် အစွဲအလမ်းကြီးမှုကြောင့် ဘေးဒုက္ခရောက်ကြရပုံတို့ကို ပညာပေးသည့်အနေဖြင့် ရိုက်ကူးထားသော ဖြစ်ရပ်မှန်ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းအတွက် ရန်ကုန်မြို့တော်ဝန် တက်ရောက်ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၂

**အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံး ဘောလုံးပြိုင်ပွဲဖြစ်သည့် အာဆီယံချန်ပီယံရှစ်ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ (AFF Suzuki Cup 2018)တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ပွဲစဉ်များအား ရန်ကုန်မြို့တော်ခန်းမရှေ့၌ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ရာ အဆိုပါတိုက်ရိုက်ပြသပွဲကို ယနေ့ ညနေ ၅ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။**




အဆိုပါ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် 100 Plus အချိုရည်မှ မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်း၏ ပွဲစဉ်များကို ပြသခြင်းဖြစ်ကြောင်း သိရသည်။ "ဒီပွဲက အာရှဘက်မှာ အကြီးဆုံးဘောလုံးပွဲလို့ ပြောလို့ရတယ်။ ပြီးတော့ မန္တလေးမှာလဲ ဒီပွဲက လုပ်တဲ့အတွက်ကြောင့်မို့ ရန်ကုန်က ပရိသတ်တွေလဲ ကြည့်စေချင်တဲ့အတွက် LED Show လုပ်ဖြစ်သွားတာပါ"ဟု တိုက်ရိုက်ထုတ်လွှင့်ပြသဖြစ်မှုအကြောင်းကို 100 Plus မှ Prapas Rattanapas က ပြောကြားသည်။

ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၌ မိုးများသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း ညနေဘောလုံးပွဲစဉ် ပြသချိန်တွင် ရာသီဥတုသာယာခဲ့သည်။ ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံရှေ့ (ကားပါကင်ဧရိယာ)တွင် ပြသမည့် တိုက်ရိုက်ထုတ်လွှင့်ပွဲကို အလျား ၃၆ ပေ၊ အနံ ၁၄ ပေခွဲရှိ LED ဖြင့် ပြသခဲ့သည်။ **(ယာပုံ)**

မြန်မာအသင်းသည် ယနေ့ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလာသီရိအားကစားကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီတွင် လာအိုအသင်းနှင့် လည်းကောင်း၊ ၂၄ ရက် ည ၇ နာရီတွင် မလေးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲကို အသွင်သစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကျင်းပပုံအရအသင်းတိုင်းသည် အုပ်စုအဆင့်တွင် အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲစီ ကစားရမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၌လည်း အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကစားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- ဗလစိုး**

# မြန်မာနိုင်ငံ၌ ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲများ စတင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပသည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ (၂၀၁၈)ကို ယနေ့ နံနက် ၁၀ နာရီမှစ၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် Grand Mercure ဟိုတယ်၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုသို့ကျင်းပရာတွင် ပထမနေ့ပြိုင်ပွဲအဖြစ် ဘိလိယက် 150 Up ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမား ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး Thawat Sujaritthura Karn(ထိုင်း)က Nan Pham (ဗီယက်နမ်)ကို (၃ပွဲ ၊ ၁ ပွဲ) ဖြင့် လည်းကောင်း၊ Pankaj Advani (အိန္ဒိယ)က ပေါက်စ(မြန်မာ)ကို (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း၊ Mike Russel (အင်္ဂလန်)က ဇော်သန်းထိုက်(မြန်မာ)ကို (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း။



**ကမ္ဘာ့ဘိလိယက် 150 Up ပြိုင်ပွဲတွင် မြန်မာမှ ချစ်ကိုကို ယှဉ်ပြိုင်နေစဉ်။**

Davaj Haria (အိန္ဒိယ)က Aekravee Angkam (ထိုင်း)ကို (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း၊ Rupesh Shah (အိန္ဒိယ)က ဆန်းမြင့်(မြန်မာ)ကို (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း၊ နေသွေးဦး(မြန်မာ)က Aidan Murray (အိုင်ယာလန်) ကို (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း၊ Peter Gilchrist (စင်ကာပူ)က Hwang chulho (တောင်ကိုရီးယား)ကို (၃ပွဲ၊ ၂ပွဲ)ဖြင့် လည်ကောင်း၊ အောင်ဆန်းဦး(မြန်မာ)က Long Nguyen (ဗီယက်နမ်)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း။

David Causier (အင်္ဂလန်)က Karthik Ramaswamy (စင်ကာပူ)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ ချစ်ကိုကို (မြန်မာ)က Kien Nguyen(ဗီယက်နမ်)ကို ၃ပွဲပြတ်ဖြင့် လည်းကောင်း၊ Sadd-harth Parikh (အိန္ဒိယ)က Kian Sang Fan (စင်ကာပူ)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ အောင်ဌေး(မြန်မာ)က Gary Norman(အင်္ဂလန်)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ Robert Hall (အင်္ဂလန်)က ခင်မောင်ဦး(မြန်မာ)အား (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း၊ Bhaskar Balachandra(အိန္ဒိယ)က Binh Nguyen (ဗီယက်နမ်)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း။

မင်းစည်သူထွန်း (မြန်မာ)က Sourav Kothari (အိန္ဒိယ)အား (၃ပွဲ၊ ၁ပွဲ)ဖြင့် လည်းကောင်း၊ Pankaj Advani(အိန္ဒိယ)က Nam Pham (ဗီယက်နမ်)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ Mike Russell (အင်္ဂလန်)က Aekravee Angkam (ထိုင်း)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ Dhvaj Haria (အိန္ဒိယ)က ဇော်သန်းထိုက် (မြန်မာ)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း။

နေသွေးဦး(မြန်မာ)က ဆန်းမြင့် (မြန်မာ)ကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ ပေါက်စ(မြန်မာ)က Thawat Sujari-thrakarn (ထိုင်း)ကို (၃ပွဲ၊ ၂ပွဲ)ဖြင့် လည်းကောင်း၊ Rupesh Shah (အိန္ဒိယ)က Aiden Murray (အိုင်ယာလန်)ကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ Alok Kumar (အိန္ဒိယ)က အောင်ဆန်းဦး(မြန်မာ)ကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိထားသည်။

ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတကာမှ ချန်ပီယံများ သွားရောက်ယှဉ်ပြိုင်မှု နည်းသော်လည်း မြန်မာနိုင်ငံ၏ ဖိတ်ခေါ်မှု၊ ကမ္ဘာ့ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ စည်းရုံးလှုံ့ဆော်မှုတို့ကြောင့် လက်ရှိ မြန်မာနိုင်ငံတွင် ကျင်းပနေသော ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ နိုင်ငံတကာချန်ပီယံများ လာရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

မြန်မာကစားသမားများ၏ လက်ရည်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဒိုင်ချုပ် ဦးဝင်းမြင့်မြတ်က "တကယ့်ပြိုင်ပွဲမှာ လက်တွေ့တဲ့သူနဲ့ ရဲရင့်တဲ့သူ၊ အားအင်အပြည့်နဲ့ နည်းနည်းကံကောင်းတဲ့သူ၊ အဲဒီအပေါ်မှာပဲ ကွာခြားပါလိမ့်မယ်။ တကယ်တော့ လက်တန်းတွေဟာ သိပ်အကွာကြီး မဟုတ်ပါဘူး။ အခု လက်တန်းမီလာပြီလို့ ပြောလို့ရပါတယ်"ဟု ပြောကြားသည်။

ပြိုင်ပွဲများကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်မှုကို မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

# မြန်မာအမျိုးသမီးအသင်း ယနေ့ အဆုံးအဖြတ်ပွဲကစားမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ပထမအဆင့်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။

အုပ်စု (ဂ)နောက်ဆုံးနေ့အဖြစ် ညနေ ၃ နာရီတွင် နီပေါနှင့် ဘင်္ဂလားဒေ့ရှ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာ ၁၁ ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် နီပေါအသင်းနှင့် သရေကျခဲ့သောကြောင့် စောစီးစွာ နောက်တစ်ဆင့်တက်ရောက်ခွင့် ဆုံးရှုံးခဲ့ပြီး နောက်ဆုံးပွဲအထိ အဆုံးအဖြတ်ခံယူရတော့မည်ဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်ပွဲစဉ်များ အပြီးတွင် နှစ်ပွဲစီကစားအပြီး၌ အိန္ဒိယနှင့် မြန်မာအသင်းက လေးမှတ်စီ၊ နီပေါအသင်းက နှစ်မှတ်၊ ဘင်္ဂလားဒေ့ရှ်အသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် ပထမပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းကို ငါးဂိုးပြတ်အနိုင်ရသော်လည်း ဒုတိယပွဲတွင် နီပေါအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းထက် ဂိုးကွာခြားချက်နည်းနေသောကြောင့် အနိုင်ကစားရန်လိုအပ်နေပြီး အိန္ဒိယ၊ မြန်မာတို့ကို သရေကစားထားသည့် နီပေါအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းကို ဂိုးပြတ်အနိုင်ရပါက ဒုတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အခွင့်အရေးရှိနေသည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပနေပြီး နိုဝင်ဘာ ၁၁ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု (က)မှ ဖိလစ်ပိုင်နှင့် တရုတ် (တိုင်ပေ)၊ အုပ်စု (ခ) မှ အီရန်နှင့် ဟောင်ကောင်၊ အုပ်စု(ဃ)မှ ဂျော်ဒန်တို့ ဒုတိယအဆင့် တက်ရောက်သွားပြီဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် အကောင်းဆုံး အုပ်စုတတိယနေရာရ နှစ်သင်း စုစုပေါင်း ၁၀ သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိန္ဒိယအသင်းကို အနိုင်ရပါက ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်နိုင်မည်ဖြစ်ပြီး အခြားရလဒ်ထွက်ပေါ်ပါက ကျန်အသင်းများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မန်ချက်စတာဒါဘီ မန်စီးတီးတို့ အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် ၁၂ နောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်သော မန်ချက်စတာဒါဘီပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၁ရက် တနင်္ဂနွေနေ့ ညပိုင်းတွင် အီတီဟတ်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် မန်စီးတီးအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ရာ မန်စီးတီးတိုက်စစ်တွင် မာရက်ဇ်၊ အဂူရိုနှင့် စတာလင်းတို့ပါဝင်ခဲ့ပြီး ဧည့်သည်မန်ယူအသင်းတွင် မာရှယ်၊ ရက်ရှ်ဖို့ဒ် နှင့် လင်ဂတ်တို့ ပါဝင်လာသည်။ ပွဲစပြီး ၁၂မိနစ်တွင် ဒေးဗစ်ဆေးလ်ဗား၏ သွင်းဂိုးဖြင့် အိမ်ရှင် မန်စီးတီးအသင်း ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၄၈မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် ထပ်မံသွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် တိုက်စစ်အပြောင်းအလဲပြုလုပ်ပြီး ပွဲချိန် ၅၈ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရကာ မာရှယ်က တစ်လုံးတည်းသော ချေပဂိုးကို သွင်းယူခဲ့သည်။ ပွဲချိန် ၈၆မိနစ်တွင် မန်စီးတီးအတွက် အနိုင်သေချာမည့်ဂိုးကို ဂွန်ဒိုဂန်က သွင်းယူပေးခဲ့သည်။ မန်ချက်စတာဒါဘီပြိုင်ပွဲတွင် အိမ်ရှင်မန်စီးတီးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ကစားနိုင်ခဲ့သည်။ နည်းပြ ဂွါဒီယိုလာလက်ထက် အီတီဟတ်ကွင်းတွင် ပထမဦးဆုံး နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲအနိုင်ရသည့်အတွက် မန်စီးတီးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ် ၁၂ပွဲအပြီးတွင် ရှုံးပွဲမရှိသေးဘဲ စံချိန်တင်ထားနိုင်ခဲ့ပြီး ယင်းအသင်းနှင့်အတူ လီဗာပူး၊ ချယ်လ်ဆီး အသင်းတို့သည်လည်း ရှုံးပွဲမရှိ ရပ်တည်နေသည်။ တနင်္ဂနွေညတွင် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် စပါးက ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး လီဗာပူးက နှစ်ဂိုး-ဂိုးမရှိဖြင့် ဖူလ်ဟမ်ကို အနိုင်ရကာ ချယ်လ်ဆီးနှင့် အဲဗာတန်မှာ ဂိုးမရှိသရေ နှင့် အာဆင်နယ်နှင့် ဝုလ်ဗာဟမ်တန်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် ၁၂ အပြီး တန်းစီဇယားရပ်တည်မှုအရ ရမှတ် ၃၂မှတ်ဖြင့် မန်စီးတီးက ဇယားထိပ်တွင် ရပ်တည်နေပြီး လီဗာပူး ရမှတ် ၃၀၊ ချယ်လ်ဆီး ၂၈မှတ်၊ စပါး ၂၇ မှတ်၊ အာဆင်နယ် ၂၄ မှတ်နှင့် မန်ယူမှာ ရမှတ် ၂၀ ဖြင့် အဆင့် ၈ တွင် ရပ်တည်နေကြသည်။ **သီဟ**

***ကျော့ဖုံးမှ***

အောင်သူကို ပွဲအစတွင်မသုံးဘဲ ဒုတိယပိုင်းအစမှ အသုံးပြုခဲ့သည်။ အောင်သူမပါသည့် မြန်မာအသင်းတိုက်စစ်သည် ပထမပိုင်းတွင် လိုအပ်ချက်များခဲ့ပြီး ကမ္ဘောဒီးယားနောက်တန်းကို ထင်သလောက် ခြိမ်းခြောက်နိုင်ခြင်း မရှိခဲ့ပေ။ ကမ္ဘောဒီးယားအသင်းသည် ပထမပိုင်း ကစားပုံကောင်းခဲ့ပြီး ၂၂ မိနစ်တွင် ဗာသာနာကာက သွင်းယူခဲ့သည်။ ပထမပိုင်းတွင် တိုက်စစ်ကစားပုံ အားနည်းခဲ့သည့် မြန်မာအသင်းသည် အောင်သူဝင်လာပြီးနောက်ပိုင်း ဒုတိယပိုင်းတွင် ကစားပုံ ပြန်ကောင်းလာကာ ၅၉ မိနစ်တွင် လှိုင်းဘိုဘိုက ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်ရခဲ့၍ မြန်မာအသင်း စိတ်ဓာတ်တက်သွားပြီး ၆၇ မိနစ်တွင် ကမ္ဘောဒီးယားနောက်ခံလူ လက်ထိခဲ့၍ ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အောင်သူကန်သွင်းရာ ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ပယ်နယ်တီမဝင်သော်လည်း တစ်မိနစ်အကြာတွင် မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး သန်းထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း မြန်မာအသင်းကအသုံးချနိုင်ခဲ့၍ ဂိုးများထပ်မံရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၈၃ မိနစ်တွင် စည်သူအောင်၊ ၉၀+၃ မိနစ်တွင် လှိုင်းဘိုဘိုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို နှစ်ဂိုးသွင်းခဲ့သည့် ကွင်းလယ်ကစားသမား လှိုင်းဘိုဘိုက ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# အလုံမြို့နယ်၌ အင်ဂျင်ဝိုင်ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုအတွင်း ဝင်ရောက်မွှေနှောက်ပြီး မန်နေဂျာဖြစ်သူအား ဖမ်းဆီးခေါ်ဆောင်သွားသည့် မျက်နှာဖုံးစွပ်လူစုမှ နှစ်ဦးအား ဖမ်းဆီးရမိ၊ ထွက်ပြေးတိမ်းရှောင်သွားသူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့အလုံမြို့နယ်၌ ယနေ့ ညနေပိုင်းတွင် မျက်နှာဖုံးစွပ်လူတစ်စုက ကုမ္ပဏီအတွင်း ဝင်ရောက်မွှေနှောက်ပြီး မန်နေဂျာဖြစ်သူအား မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားရာ ပြစ်မှုကျူးလွန်သူနှစ်ဦးအား လုံခြုံကင်းအဖွဲ့က နာရီပိုင်းအတွင်း ဖမ်းဆီးရမိပြီး ထွက်ပြေးတိမ်းရှောင်သွားသူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ အင်ဂျင်ဝိုင်ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုအတွင်းသို့ လိုက်ထရပ် အဖြူရောင်ယာဉ်ဖြင့် မျက်နှာဖုံးစွပ် လူတစ်စုက တုတ်၊ ဓားများ ကိုင်ဆောင်ဝင်ရောက်လာပြီး ကုမ္ပဏီဝန်ထမ်းဖြစ်သူ နှစ်ဦးကို ကြိုးတုပ်ကာ ကုမ္ပဏီအတွင်း ဝင်ရောက်မွှေနှောက်ခဲ့ကြောင်း၊ ထို့နောက် ကုမ္ပဏီရုံးခန်းအတွင်း တပ်ဆင်ထားသည့် စီစီတီဗွီကို ဖြုတ်ယူပြီး ယင်းကုမ္ပဏီ၏ မန်နေဂျာ ဦးမြင့်စိန်ကို ၎င်း၏ ကိုယ်ပိုင်ယာဉ် လင်ခရူဆာနှင့်အတူ ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါသတင်းကို ရလျှင်ရချင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က မြို့နယ်အလိုက် လုံခြုံကင်းယာဉ်များဖြင့် ဝိုင်းဝန်းပိတ်ဆို့ ရှာဖွေဖမ်းဆီးခဲ့ရာ ဒဂုံအရှေ့မြို့နယ်နေ သူရနှင့် စိုးကျော်ကျော်လွင်တို့နှစ်ဦးအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့ ခေါ်ဆောင်သွားသည့် ဦးမြင့်စိန်ကို ည ၇ နာရီခွဲခန့်တွင် ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်ရှေ့၌ လင်ခရူဆာယာဉ်နှင့်အတူ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဦးမြင့်စိန်၏ ပြောပြချက်အရ မျက်နှာဖုံးစွပ်လူစုတွင် လူငါးဦးခန့်ပါရှိကြောင်း သိရှိရသဖြင့် ထွက်ပြေးတိမ်းရှောင်သွားသူများနှင့် ၎င်းတို့စီးနင်းလာသည့် လိုက်ထရပ်အဖြူရောင်ယာဉ်ကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"သည် အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက်မိုင် ၃၇၀ ခန့်နှင့် နာဂါပတ္တနမ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ၄၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၂ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းအထိ ဖြစ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း"ဂါဂျာ"သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"အဖြစ်သို့ ရောက်ရှိ နိုင်ပြီး အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး၊ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၁၃. ၁၁ .၂၀၁၈(အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | စီးပွားရေးစကားဝိုင်း "အကောက်ခွန်နှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်းမှု စကားဝိုင်း" |
| ၉း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ) |
| ၁၇း၁၅ | - | "နိုဝင်ဘာလအတွက် လပတ်မိုးလေဝသခန့်မှန်းချက်" |
| ၁၈း၃၅ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ သရုပ်ဆောင်ဇင်ဝိုင်း) |
| ၁၈း၅၅ | - | "CHOICE" (အပိုင်း-၉၇) |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅၉) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | "ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပညာပေး ရက်သတ္တပတ် အထိမ်းအမှတ် စကားဝိုင်း" |
| | - | အနုပညာခန်းရိပ်သာ "မန္တလေးသိန်းဇော်နှင့် တွေ့ဆုံခြင်း" |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၈) |

# ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ငွေကျပ်သိန်း ၉၄၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**မိုးမောက် နိုဝင်ဘာ ၁၂**



ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုးမောက်-လွယ်ဂျယ် ကားလမ်းရှိ ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့် က မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေရာမှ မော်တော်ယာဉ်အတွင်း သို့ဝှက်သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၉၄၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဆပ်ပြာခွက် ၇၉ ခွက် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ်ခါးလီ ဦးစီးတပ်ဖွဲ့ဝင်များသည် ကျောက်စခန်းတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် မူးယစ်ဆေးဝါးသတင်းအရ မိုးမောက်-လွယ်ဂျယ်ကားလမ်းရှိ ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စောင့်ဆိုင်းနေစဉ် လွယ်ဂျယ်ဘက်မှ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ကောင်းဝိန်းကျေးရွာနေ စိုင်းအိုက်အေးညွန့်(၄၈ နှစ်) မောင်းနှင်ပြီး မနန်းဟွမ်အေး(၁၅)နှစ် စီးနင်းလိုက်ပါလာသည့် YGN-9G/----နံပါတ်ပါ မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်း သို့ဝှက်သယ်ဆောင်လာသည့် ဆပ်ပြာခွက်တစ်ခွက်လျှင် ဘိန်းဖြူ ၁၂ ဂရမ်စီပါ ၇၉ ခွက်မှ ငွေကျပ် ၉၄၈ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၉၄၈ ဂရမ်နှင့် စိုင်းအိုက်အေးညွန့် အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ မြန်မာ/တရုတ် နယ်စပ်သွားလာခွင့် လက်မှတ်စာအုပ်တစ်အုပ်၊ မနန်းဟွမ်အေးအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ မြန်မာ/တရုတ် နယ်စပ်သွားလာခွင့် လက်မှတ်စာအုပ် တစ်အုပ်၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ စိုင်းအိုက်အေးညွန့်နှင့် မနန်းဟွမ်အေးတို့ နှစ်ဦးအား မိုးမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြောင်းမြမြို့၌ အခေါက်ရွှေ တစ်ပိဿာငါးဆယ်ကျပ်သားနှင့် ငွေသားအပါအဝင် စုစုပေါင်းငွေကျပ် သိန်း ၁၉၀၀ ကျော်ခန့် ဖောက်ထွင်းခိုးယူခံရ

**မြောင်းမြ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ် ၈ ရပ်ကွက်ရှိ နေအိမ်တွင် အိမ်ရှင်များခရီးသွားခိုက် အိမ်အတွင်း မီးခံသေတ္တာထဲမှ ရွှေစင်တစ်ပိဿာ ငါးဆယ်ကျပ်သားအပါအဝင် ရွှေထည်များ၊ ငွေသားများ ဖောက်ထွင်းခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောင်းမြမြို့ အမှတ် ၈ ရပ်ကွက် မြဂုဏ်ရည်လမ်းနှင့် ဗောဓိပင်လမ်းထောင့် အိမ်အမှတ်(၁)နေ ဦးသန်းအေး ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူသည် နိုဝင်ဘာ ၉ ရက်က မိသားစုနှင့်အတူ ရန်ကုန်မြို့သို့ ဆေးကုရန်သွားရောက်ခဲ့ပြီး နိုဝင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်က မြောင်းမြမြို့ နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ မီးခံသေတ္တာထဲတွင် အခေါက်ရွှေ ၁၀ ကျပ်သားရှိ လေးထောင့်ပုံ အကယ်ဒမီရွှေတုံး ၁၅ တုံး၊ အလေးချိန် တစ်ပိဿာ ငါးဆယ်ကျပ်သားအပါအဝင် ရွှေထည်ပစ္စည်းမျိုးစုံ ၅၉ မျိုး၊ အလေးချိန် ၃၅ ကျပ်သား၊ တစ်ထောင်တန် တစ်သိန်း ထုပ် ၂၄ ထုပ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၉၀၆ သိန်းကျော်ခန့် ပျောက်ဆုံးနေမှုကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တိုင်တန်းထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြောင်းမြရဲစခန်းက ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများ အမြန်ဖော်ထုတ်ရရှိရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

**အောင်မင်း (မြောင်းမြ)**

# ကိုးပင်-သာဂရကားလမ်း၌ ဆိုင်ကယ်မောင်းနှင်နေသူကို ဆင်က အစွယ်ဖြင့် လိုက်ထိုး၍ သေဆုံး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၂**

ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သာဂရကားလမ်းတွင် နိုဝင်ဘာ ၁၁ ရက်က ဆိုင်ကယ်မောင်းနှင်နေသည့် အမျိုးသားတစ်ဦးကို ဆင်က အစွယ်ဖြင့် လိုက်လံထိုးခဲ့၍ သေဆုံးသွားခဲ့ကြောင်း ကိုးပင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခန့်က ဆင်ပေါင်ဝဲမြို့နယ်မှ ဆိုင်ကယ်မောင်းနှင်လာသူကို ဆင်ကအစွယ်ဖြင့်ထိုး၍ သေဆုံးသွားကြောင်း သတင်းအရ ကိုးပင်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးညွန့် သွားရောက်စစ်ဆေးခဲ့သည်။ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က ကိုးပင်-သာဂရ ကားလမ်းအတိုင်း ကိုးပင်ရွာဘက်မှ သာဂရဘက်သို့ အေးမင်းထွန်း(၃၅ နှစ်)ကြံစုရွာ တောင်တွင်းကြီးမြို့နယ်နေသူသည် ဆိုင်ကယ်ကို မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၅၈/၃ နှင့် ၅၈/၄ ကြား ကန်ချောင်းကျေးရွာ ဘန်းကုန်းတဲတိုက် ဆင်စားကျက်အနီးအရောက်တွင် ဆင်စားကျက်အတွင်း ဘန်းကုန်းဆင်စခန်းမှ လွှတ်ကျောင်းထားရှိသည့် ဆင်ခုနစ်ကောင်အနက် ၁၅ နှစ်အရွယ်ရှိသည့် ဆင်က အစွယ်ဖြင့် လိုက်လံထိုးသောကြောင့် အေးမင်းထွန်းမှာ ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တောင်တွင်းကြီးမြို့နယ်နေသူက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# မိုင်းပန်မြို့နယ်၌ ဘုန်းကြီးကျောင်း မီးလောင်မှုကြောင့် ကိုရင်နှစ်ပါး ပျံလွန်တော်မူ

**မိုင်းပန် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စု ပန်ပိကျေးရွာတွင် နိုဝင်ဘာ ၇ ရက် ညပိုင်းတွင် နှစ်ထပ်ဘုန်းကြီးကျောင်းဆောင် မီးလောင်ပြီး ကိုရင်နှစ်ပါး ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

အဆိုပါဘုန်းကြီးကျောင်းသည် ပေ ၄၀ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး မီးလောင်မှုဖြစ်စဉ်၌ ကိုရင် ခွန်ခမ်းပိုး (၁၀ နှစ်)နှင့် ကိုရင် ခွန်အောင်သန်း (၁၀ နှစ်)တို့ မီးလောင်မှုကြောင့် ပျံလွန်တော်မူခဲ့ကြောင်းနှင့် အခြားကိုရင်နှစ်ပါးမှာ ခြေထောက်နှင့် လက်များတွင် မီးလောင်ဒဏ်ရာရရှိခဲ့ပြီး ကျေးရွာတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် တစ်ပါး၊ သံဃာတစ်ပါးနှင့် ကိုရင် ၂၅ ပါးရှိကြောင်း သိရပြီး မီးလောင်မှုဖြစ်စဉ်မှာ မည်သို့လောင်ရခြင်းဖြစ်သည်ကို ယခုအချိန်အထိ မသိရှိရသေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံးမှ ရဲမှူး အောင်ဆွေဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Jaruliachari ကင်းစခန်းမှ Naib Subedar Alomgir Hossen ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီ ၁၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၆)မှ (၄၇)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ကယ်လီဖိုးနီးယားတောမီးကြောင့်သေဆုံးသူ ၄၂ ဦးထိရှိလာပြီး ထပ်တိုးလာနိုင်သည်ဟုဆို

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၁၂**

ကယ်လီဖိုးနီးယားသမိုင်းတွင် အဆိုးရွားဆုံးဟု ဆိုရမည့် တောမီးကြောင့် သေဆုံးသူဦးရေမှာ တနင်္ဂနွေနေ့တွင် ၄၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ပြန်လည်ထူထောင်ရေးအဖွဲ့သည် အပျက်အစီးများကြားမှ သေဆုံးသူ ခြောက်ဦး၏ အလောင်းများကို ထပ်မံတွေ့ရှိရသည်။

ဆီရီယာနီဗားဒါး တောင်တန်းများ၏ မြောက်ပိုင်းတွင် မီးပုံပွဲပြုလုပ်ရာမှ လောင်ကျွမ်းခဲ့သော တောမီးသည် ကြီးမားပြီး အားပြင်းသည့်တောမီးဖြစ်လာခဲ့ပြီး လူပေါင်းနှစ်သိန်းခွဲခန့်နေရပ်မှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ အဆိုပါ တောမီးကြောင့် ပါရာဒိုက်စ်မြို့မှ နေအိမ်ပေါင်း ၆၄၀၀ ခန့်မှာ မီးတောက်များ၏ ဝါးမြိုခြင်းကို ခံလိုက်ရသည်။

"ဒီနေ့လူသေအလောင်း ခြောက်လောင်းထပ်မံတွေ့ရှိရပါတယ်။ ဒါကြောင့်သေဆုံးသူဦးရေဟာ ၄၂ ဦးထိရှိလာပါပြီ" ဟု ရဲအရာရှိခိုရီဟိုနီရာက တောမီးလောင်ကျွမ်းမှုလေးရက်မြောက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမားများသည် အလောင်းနှစ်လောင်းထည့်ထားသည့်အိတ်များကို သယ်ဆောင်လာသည်ကိုလည်း အေအက်ဖ်ပီမှဂျာနယ်လစ်များက တွေ့ခဲ့ရကြောင်း၊ နောက်ထပ်ပျောက်ဆုံးနေသူများလည်း ရှိနေသေးရာ သေဆုံးသူဦးရေမှာ ထပ်တိုးလာနိုင်သေးကြောင်း သိရသည်။ ကယ်ဆယ်ရေးသမားများသည် စနေနေ့တစ်နေ့လုံး ပါရာဒိုက်စ်မြို့အနီးသေဆုံးနေသူများကို လိုက်လံစုစည်းခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ရေများတင်ဆောင်လာသည့် ရဟတ်ယာဉ်ဖြင့် တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန် ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။

# အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုံခြုံရေးအတွက် နိုင်ငံခြားတပ်ဖွဲ့ဝင်အများအပြားကို နယူးဂီနီ တပ်ဖြန့်



နိုင်ငံခြားတပ်ဖွဲ့ဝင် အများအပြားပါဝင်သော စုပေါင်းတပ်ဖွဲ့ဝင်များက ပါပူဝါနယူးဂီနီတွင် ကျင်းပမည့် အေပက်အစည်းအဝေး လုံခြုံရေးအတွက် ဖြန့်ကြက်မှုများ လုပ်ဆောင်ရန်အတွက် ပြင်ဆင်နေစဉ်။

**ပို့တ်မောရက်ဘီ နိုဝင်ဘာ ၁၂**

ပါပူဝါနယူးဂီနီ ရာဇဝတ်မှု ထူပြောရာမြို့၌ ယခုရက်သတ္တပတ်တွင် ကျင်းပမည့် အဓိကအရေးကြီး အစည်းအဝေးတစ်ခုကို တက်ရောက်လာမည့် ကမ္ဘာ့ခေါင်းဆောင်များကိုကာကွယ်ရန် စစ်သင်္ဘောများ၊ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ၊ အဆင့်မြင့် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး အဖွဲ့များပါဝင်သော ဘက်ပေါင်းစုံတပ်ဖွဲ့များကို ဖြန့်ကြက်ထားကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

နိုင်ငံခြားသားတပ်ဖွဲ့ဝင် အရေအတွက် ထက်ဝက်နီးပါး ပါဝင်သော စုစုပေါင်းတပ်ဖွဲ့ဝင် ၄၀၀၀ ခန့်သည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (အေပက်) အစည်းအဝေး ကျင်းပမည့် ပို့တ်မောရက်ဘီ၌ လုံခြုံရေး တပ်ဖွဲ့ဝင် ရာချီနှင့် လက်တွဲလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးကို နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ပြီး စနေနေ့တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ပါဝင်တက်ရောက်မည့်သူများမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်တို့ ဖြစ်ကြောင်း သိရပြီး မိုက်ပန့်စ်အနေဖြင့် အဆိုပါအစည်းအဝေးကျင်းပရာ မြို့တွင် ညအိပ်မည်မဟုတ်ဘဲ သြစတြေးလျတွင် တစ်ညတာနေထိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ဧည့်သည်တော် ကိုယ်စားလှယ်ပေါင်း ၁၅၀၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားပြီး ဟိုတယ်မလုံလောက်မှုကြောင့် တချို့မှာ ဆိပ်ကမ်းရှိ ပင်လယ်ကူးသင်္ဘောကြီး သုံးစင်းတွင် တည်းခိုနေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါပူဝါနယူးဂီနီတွင် အကြမ်းဖက်မှုများ၏ ခြိမ်းခြောက်မှုများရှိနေသော်လည်း ယင်းက အကြီးမားဆုံး စဉ်းစားရမည့်ကိစ္စမဟုတ်ဘဲ အမှန်တကယ်အရေးကြီး စဉ်းစားရမည့်ကိစ္စမှာ ဒေသခွဲနိုင်ငံငယ်တစ်ခုဖြစ်သည့် မယ်လနီးယားမှာ ဥပဒေစိုးမိုးမှုမရှိခြင်း၊ အကြမ်းဖက်ပြစ်မှုများပြားခြင်းတို့ပင် ဖြစ်ကြောင်း သိရသည်။

မြို့၏ ထက်ဝက် ပြည်သူ သုံးသိန်းနီးပါးမှာ ကျူးကျော်များအဖြစ် နေထိုင်ပြီး လမ်းသူရဲဂိုဏ်းများသည်လည်း ကားပြန်ပေးဆွဲမှုများ မကြာခဏပြုလုပ်လေ့ရှိကာ အဓမ္မမှုများနှင့် အိမ်တွင်းအကြမ်းဖက်မှုများ အမြင့်မားဆုံးအဖြစ် ကမ္ဘာပေါ်တွင် နာမည်ကြီးကြောင်း သိရသည်။

နိုင်ငံပေါင်းစုံမှ ခေါင်းဆောင်ကြီးများနှင့် ကိုယ်စားလှယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပါပူဝါနယူးဂီနီအစိုးရသည် သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် နယူးဇီလန်နိုင်ငံများမှ တပ်ဖွဲ့ဝင်အကူအညီများ ရယူထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အရပ်သားများကို ချီးမြှင့်သည့် အမေရိကန်သမ္မတ၏ အမြင့်ဆုံးဆုကို ပေးအပ်ချီးမြှင့်သွားမည်

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်ပြည်ထောင်စု၌ အရပ်သားများကို ချီးမြှင့်သည့် အမေရိကန် သမ္မတ၏ အမြင့်ဆုံးဆု (Prsidential Medal of Freedom) ကို လာမည့် ရက်သတ္တပတ်တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုကို ကွယ်လွန်သူ ဘေ့စ်ဘောအားကစားအကျော်အမော်ဖြစ်သူ Babe Ruth ၊ အမေရိကန်ဘောလုံးအားကစားအကျော်အမော်ဟောင်းများဖြစ်ကြသည့် Roger Staubach နှင့် Alan Page၊ ပရဟိတလုပ်ငန်းများလုပ်ကိုင်သည့် သန်းကြွယ်သူဌေးကတော် Miriam Adelson၊ အူတာပြည်နယ် ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် Orrin Hatch နှင့် ကွယ်လွန်သွားသော နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး Antonin Scalia နှင့် ရော့ခ်အင်န်ရိုးလ် ဘုရင်ကြီး အဲလ်ဗစ်ပရက်စလေတို့ဖြစ်ကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးနှင့် အကျိုးစီးပွား၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အများပြည်သူများအတွက် အကျိုးဆောင်ရွက်ခဲ့သူများအား ယခုကဲ့သို့ အမေရိကန်သမ္မတအဆက်ဆက်က နှစ်စဉ်ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်သမ္မတဟောင်းဘီလ်ကလင်တန် လက်ထက်လွှန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်က အဆိုပါ Presidential medal of Freedom ဆုကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီခေါင်းဆောင် ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်နေသည့် ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အရပ်သားများကို ချီးမြှင့်သည့် အမေရိကန် သမ္မတ၏ အမြင့်ဆုံးဆုကို လက်ခံရရှိမည့်သူများထဲမှ တစ်ဦးဖြစ်သော အဲလ်ဗစ်ပရက်စလေကို တွေ့ရစဉ်။

# ယီမင်နိုင်ငံ ဟူဒေးဒါမြို့တွင် တစ်ရက်တည်း၌ သေဆုံးသူ ၁၄၉ ဦးအထိ ရှိလာ

**အေဒင် နိုဝင်ဘာ ၁၂**

ယီမင်နိုင်ငံ ဟူဒေးဒါဆိပ်ကမ်းမြို့တွင် အစိုးရသစ္စာတော်ခံတပ်များနှင့် ယီမင်သူပုန်များအကြား တိုက်ပွဲများကြောင့် ၂၄ နာရီအတွင်း အရပ်သားများအပါအဝင် လူပေါင်း ၁၄၉ ဦးသေဆုံးခဲ့ကြောင်း ဆေးအဖွဲ့နှင့်အစိုးရတပ်များ၏သတင်းအရင်းအမြစ်များမှသိရသည်။

ဟူဒေးဒါမြို့ရှိ အစိုးရတပ်များက အရပ်သားခုနစ်ဦး သေဆုံးခဲ့သည်ဟု အတည်ပြုပြောကြားခဲ့သည်။ နောက်ထပ်အသေးစိတ်အချက်အလက်များကိုမူ ထပ်မပေးတော့ချေ။ ၂၀၁၄ ခုနှစ်မှ စတင်ကာ ယီမင်မြို့တော်ရှိ ဟူသီသူပုန်များသည် ပင်လယ်နီဆိပ်ကမ်းမြို့ကို ထိန်းချုပ်နိုင်ခဲ့သည်။

ယီမင်နိုင်ငံကဲ့သို့ဆင်းရဲသည့်နိုင်ငံမျိုးတွင် ပင်လယ်နီ ဆိပ်ကမ်းမြို့ဖြစ်သည့် ဟူဒေးဒါမြို့သည် အရေးပါသည့် မြို့တစ်မြို့ဖြစ်သည်။ ယီမင်အစိုးရသစ္စာတော်ခံတပ်များသည် ဟူဒေးဒါဆိပ်ကမ်းမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေး အပြင်းအထန် ထိုးစစ်ဆင် ဆင်နွှဲလျက်ရှိသည်။

ဆေးရုံများရှိ ဆေးဝန်ထမ်းများကမူ ဆိပ်ကမ်းမြို့ဆေးရုံသို့ ရောက်ရှိလာသော ထိခိုက်ဒဏ်ရာရရှိသူများမှာ သူပုန်များဘက်မှ ၁၁၀ ခန့်၊ အစိုးရသစ္စာတော်ခံများဘက်မှ လူပေါင်း ၃၂ ဦးခန့်ကိုတစ်ညလုံး ကုသပေးခဲ့ရကြောင်း ပြောကြသည်။ ဆော်ဒီဦးဆောင်သည့်မဟာမိတ်တပ်များသည် သူပုန်များရှိရာ နေရာများကို ဘက်ပေါင်းစုံမှ ပစ်မှတ်ထား၍ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ယီမင်အစိုးရတပ်များက ပြောသည်။



ဟူဒေးဒါမြို့ရှိ အစိုးရလိုလားသော လက်နက်ကိုင်တပ်ဖွဲ့များကို တွေ့ရစဉ်။

နိုဝင်ဘာ ၁ရက်မှစတင်ကာ ဟူဒေးဒါမြို့တွင် တိုက်ပွဲများ ပြင်းထန်ခြင်းကြောင့် လူပေါင်း ၆၀၀ နီးပါးခန့်သေဆုံးခဲ့ရပြီးဖြစ်သည်။ ဟူဒေးဒါမြို့သည် ယီမင်နိုင်ငံ၏ လူဦးရေအထူထပ်ဆုံးမြို့များထဲမှ တစ်မြို့ဖြစ်သည်။

ယီမင်နိုင်ငံတစ်ဝန်း စစ်ပွဲများကြောင့် ထိခိုက်ခံစားနေရသည့် နေရာများသို့ အကူအညီပစ္စည်းများပေးပို့ရန် ဟူဒေးဒါမြို့မှာ အရေးပါဆုံးမြို့ဖြစ်သည်။ ယခုအခါ ယီမင်နိုင်ငံတွင် လူပေါင်း ၁၄ သန်းနီးပါးခန့်မှာ အစာငတ်မွတ်ခြင်းဘေးနှင့် ကြုံတွေ့နေရသည်။ ဆော်ဒီဦးဆောင်သည့်မဟာမိတ်တပ်များကမူ အီရန်သည် ဟူသီသူပုန်များကို လက်နက်များ ထောက်ပံ့ပေးနေသည်ဟု စွပ်စွဲထားသည်။

**အေအက်ဖ်ပီ**

# ယီမင်ဆိပ်ကမ်းမြို့ ဟိုဒေးဒါကို ပြန်လည်ရရှိရေး ထိုးစစ်ဆင်နေတဲ့ အစိုးရသစ္စာခံတပ်ဖွဲ့များ

ထွန်းသစ်စ



ယီမင်အစိုးရထောက်ခံတပ်ဖွဲ့များ ဟိုဒေးဒါဆင်ခြေဖုံးအရှေ့ဘက်တွင် စုစည်းနေသည်ကို နိုဝင်ဘာ ၉ ရက်က တွေ့ရစဉ်။

ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့တွေဟာ အမေရိကန်ရဲ့ လောင်စာဆီဖြည့်တင်းမှု အကူအညီရပ်ဆိုင်းလိုက်ခြင်းအပေါ် ဂရုမစိုက်သလိုနေခဲ့ချိန်မှာ ယီမင် အစိုးရတပ်ဖွဲ့တွေဟာလည်း မဟာဗျူဟာမြောက် ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဟိုဒေးဒါကို ထိုးဖောက်ချီတက်မှုတွေ ပြုလုပ်လျက်ရှိပြီး မကြာသေးမီက တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ရာ ဟိုဒေးဒါမြို့ရဲ့ အဓိကဆေးရုံကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။

## ရင်ကိုမြေကတုတ်လုပ်

အစိုးရသစ္စာခံ အရာရှိတစ်ဦးက စက်သေနတ်ပစ်တာတွေဟာ ကျည်ဆန်မိုးရွာချသလိုပဲ လမ်းတွေပေါ်ကို ကျနေချိန်မှာ တပ်ဖွဲ့ဝင်တွေဟာလည်းလူပေါင်း ၆၀၀၀၀၀ လောက်နေထိုင်တဲ့မြို့ရဲ့ အဓိကဆေးရုံကို ထိန်းချုပ်နိုင်ရေး ကြိုးစားနေတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီလို အချိန်မှာ တပ်ဖွဲ့ဝင်တွေအနေနဲ့ သူပုန်တွေ ထောင်ထားတဲ့ မိုင်းနဲ့ စနိုက်ပါရန်တို့ကိုလည်း မျက်စိဖွင့်နားစွင့်ကာ အသက်ကိုမမှု ရင်ကိုမြေကတုတ်လုပ်ကာ ရှောင်ရှားခဲ့ရပြန်ပါသေးတယ်။

အစိုးရသစ္စာခံ တပ်တွေဟာ ဟိုဒေးဒါမြို့ရဲ့အဓိကဆိပ်ကမ်းတွေကို ပြန်လည်ရနိုင်ဖို့အရေး ထိုးဖောက်ချီတက်တိုက်ခိုက်မှုတွေ ပြုလုပ်တဲ့အပေါ် သူပုန်တွေကလည်း အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီဆိပ်ကမ်းတွေဟာ ယီမင်စီးပွားရေးတင်ပို့ရာ ၈၀ ရာခိုင်နှုန်းခန့် ဝင်ထွက်သွားလာရာ အဓိက အချက်အချာကျတဲ့နေရာဖြစ်ပြီး ကုလသမဂ္ဂရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေအားလုံးနီးပါး ပို့ဆောင်ရာနေရာလည်းဖြစ်တယ်လို့ သိရပါတယ်။

## ဘေးဒုက္ခကပ်ဆိုးကြီး ခံစားနေရတဲ့ နိုင်ငံတစ်နိုင်ငံ

လွန်ခဲ့တဲ့လက အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးထဲမှာ အသတ်ခံခဲ့ရတဲ့ သတင်းထောက်ဂျမားလ်ခါရှော့ဂီကိစ္စအပေါ် နိုင်ငံတကာက နာကြည်းမုန်းတီးမှုတွေ ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်ထောက်ခံ ယီမင်စစ်ပွဲဟာလည်း နိုင်ငံတကာရဲ့ မေးငေါ့စရာဖြစ်ခဲ့ပါတယ်။ အဲဒီလို ကိစ္စတွေဖြစ်နေချိန်မှာပဲ မဟာမိတ်ရဟတ်ယာဉ်တွေကို လောင်စာဆီဖြည့်တင်းရေး အမေရိကန်ရဲ့ ကူညီမှုကိုလည်း ရပ်နားလိုက်ပါတယ်။

သက်တမ်းဝက်ရွေးကောက်ပွဲမှာ အနိုင်ရအောင်မြင်ခဲ့တဲ့ အမေရိကန်ဒီမိုကရက်တွေက အမေရိကန်အနေဖြင့် ဆော်ဒီအာရေဗျကို လက်နက်တွေ ပံ့ပိုးနေတာတွေကို လျှော့ချဖြတ်တောက်ချင်နေပါတယ်။ အဲဒီလိုဆော်ဒီကို လက်နက်ပံ့ပိုးမှုကြောင့် ယီမင်ဟာ ကုလသမဂ္ဂပြောပြောနေတဲ့ လူသားချင်းစာနာမှုဆိုင်ရာ တကယ့်ဘေးဒုက္ခ ကပ်ဆိုးကြီးကို အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ဆိုပါတယ်။

## နိုင်ငံတကာ အကူအညီကို မှီခိုနေရ

မကြာသေးမီက မဟာမိတ်တပ်တွေရဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် ကလေးငယ်အတော်များများအပါအဝင် အရပ်သားအတော်များများ သေဆုံးခဲ့ပြီးနောက် ဆော်ဒီဦးဆောင်တဲ့ ယီမင်စစ်ပွဲဟာ နိုင်ငံတကာမှာ စိုးရိမ်မှုတွေသာ တိုးပွားလို့လာခဲ့ပါတယ်။

မဟာမိတ်ထောက်ခံ အစိုးရတပ်တွေဟာ ယခုလထဲမှာပဲ ဟိုဒေးဒါမြို့ကို ချီတက်ထိုးဖောက် တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ရာ လူ့အသက်ပေါင်း ၃၈၂ ချောင်းလောက် သေကျေခဲ့ရပါတယ်။

ယီမင်ပြည်သူ ၁၄ သန်းလောက် ငတ်မွတ်ခြင်းဘေးကြီးနဲ့ ရင်ဆိုင်ကြုံတွေ့နေရပြီး အများစုဟာ နိုင်ငံတကာအကူအညီတွေအပေါ် မှီခိုနေရတယ်လို့ ကုလသမဂ္ဂထုတ်ပြန်တဲ့ စာရင်းတွေအရ သိရပါတယ်။

## ဟိုဒေးဒါကို ထိုးဖောက်ဝင်ရောက်

အစိုးရထောက်ခံတပ်ဖွဲ့တွေဟာ ဆေးရုံကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ယီမင်အရာရှိတွေက ပြောခဲ့ပါတယ်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကတော့ အဆောက်အအုံတွေရဲ့ ခေါင်မိုးတွေအပေါ်မှာ ရည်ရွယ်ချက်ရှိရှိ စနိုက်ပါသမားတွေကို တပ်ချပြီး ပစ်ခတ်မှုတွေ လုပ်ဆောင်နေတယ်လို့ ဆိုကာ ဟူသီသူပုန်တွေကို စွပ်စွဲမှုတွေလုပ်ဆောင်ခဲ့ပါတယ်။

ဆော်ဒီဦးဆောင်တဲ့ လေကြောင်းတိုက်ခိုက်မှုနဲ့အတူ အစိုးရသစ္စာခံတပ်တွေဟာ ပထမဆုံးအနေနဲ့ ဟိုဒေးဒါဝန်းကျင်တစ်ဝိုက်အထိ တိုင်အောင် ဝင်ရောက်ခဲ့ကြပါတယ်။ အဲလိုဝင်ရောက်တဲ့အခါမှာ မြေတူးစက်ကြီးတွေ အသုံးပြုပြီး သူပုန်တွေပိတ်ဆို့ခဲ့တဲ့ ကွန်ကရစ်အတားအဆီးတွေကို ဖယ်ရှားပြီး ဝင်ရောက်ခဲ့ရတာ ဖြစ်ပါတယ်။

မကြာသေးမီ စနေနေ့က ဖြစ်ပွားခဲ့တဲ့ ပြင်းထန်တဲ့ ဟိုဒေးဒါအရှေ့ပိုင်းတိုက်ခိုက်မှုမှာ လေကြောင်းအထောက်အကူတွေနဲ့အတူ အစိုးရသစ္စာခံတပ်တွေဟာ မြို့ရဲ့ အတွင်းပိုင်းအထိ ထိုးဖောက်ဝင်ရောက်ခဲ့ကြပါတယ်။

တိုက်ပွဲတွေဟာ လမ်းမပေါ် တိုက်ခိုက်မှုတွေအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်တယ်လို့ အစိုးရသစ္စာခံတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောခဲ့တယ်။

## ကလေးတွေအတွက် ဆိုးရွားတဲ့အချိန်

ကလေးများကိုကယ်ဆယ်စို့ အဖွဲ့ရဲ့ ညှိနှိုင်းရေးမှူး မာရီယမ်အယ်လ်ဒိုဂါနီက ဟိုဒေးဒါမြို့မှာ တိုက်ပွဲတွေ ပြင်းထန်လာတဲ့အကြောင်း ပြောခဲ့ပါတယ်။ အနည်းဆုံး နာရီဝက်အတွင်းမှာ လေကြောင်းတိုက်ခိုက်မှု ၁၅ ခုလောက် ဖြစ်ပွားနေတယ်။ ဒါဟာ ဟိုဒေးဒါ ကလေးငယ်တွေအတွက်တကယ့်ကို ဆိုးရွားတဲ့အချိန်ပဲလို့ သူက ပြောခဲ့ပါတယ်။

ဆော်ဒီအာရေဗျကတော့ သူ့ဟာနဲ့သူ လေယာဉ်တွေကို လောင်စာဆီဖြည့်တင်းမှုနဲ့ပတ်သက်ပြီး အဆုံးသတ်လိုက်သော်လည်း အမေရိကန်ကတော့ အဆုံးသတ်မသေချာသေးပါဘူး။ ပင်တဂွန်ကတော့ ယီမင်အပေါ်မှာ ပျံသန်းနေတဲ့ မဟာမိတ်လေယာဉ် ၂၀ ရာခိုင်နှုန်းခန့် လောင်စာဆီဖြည့်တင်းပေးဖို့ စီစဉ်ပေးခဲ့ပါတယ်။

သဘောတရားအားဖြင့် မဟာမိတ်တပ်ဖွဲ့တွေအနေနဲ့ သူတို့ဘာသာသူတို့ လောင်စာဖြည့်တင်းရမှာ ဖြစ်ပေမယ့်လည်း လေထဲမှာ လောင်စာဆီဖြည့်တင်းဖို့ ဆော်ဒီအာရေဗျနဲ့ လေ့ကျင့်မှုမရှိသလို ယူအေအီးနဲ့လည်း လေ့ကျင့်ထားမှု မရှိပါဘူး။

## ပြက်ရယ်ပြုနေသလိုဖြစ်ခဲ့

အချင်းချင်းတိုက်ခိုက်နေတဲ့ ပါတီတွေကြား ရက်ပေါင်း ၃၀ အတွင်း ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ဖို့နဲ့ ယီမင်အပစ်ရပ်စဲရေးအတွက် ပင်တဂွန်အကြီးအကဲ ဂျိမ်းမက်တစ်က တိုက်တွန်းပြောကြားခဲ့ပြီးနောက်မှာ အခုလို အပြန်အလှန်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။

ကုလသမဂ္ဂကတော့ အပစ်ရပ်စဲရေးနောက်ဆုံးသတ်မှတ်ရက်ကို အခုနှစ်ကုန်ပိုင်းအထိ နောက်ဆုံးထားခဲ့ကြောင်း သိရပါတယ်။ ဝါရှင်တန်ပို့စ်သတင်းစာ မျက်မှောက် နိုင်ငံ့ရေးရာကဏ္ဍမှာ မကြာသေးမီက ဖော်ပြခဲ့တဲ့ သတင်းတစ်ခုမှာ သူပုန်ထိပ်တန်းတော်လှန်ရေးကော်မတီခေါင်းဆောင် မိုဟာမက်အလီ အယ်လ်ဟူသီက ဟိုဒေးဒါမှာ ထိုးစစ်တွေ အရှိန်အဟုန်ကောင်းကောင်း မြင့်တက်လျက်ရှိတာက မက်တစ်ရဲ့ အပစ်ရပ်စဲရေး တိုက်တွန်းပြောကြားချက်အပေါ် ပြက်ရယ်ပြုနေသလို ဖြစ်ခဲ့တယ်လို့ပြောခဲ့ပါတယ်။

"မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်တွေဟာ ကမ္ဘာကြီးကို အထင်အမြင်မှားအောင် လှည့်စားဖို့ ကြိုးစားခြင်းသာ ဖြစ်ကြောင်းနဲ့ အဆိုပါ ထုတ်ပြန်ကြေညာချက်မှာ အမေရိကန် ပြည်ထောင်စုအနေနဲ့ ယီမင်ပဋိပက္ခ အဆုံးသတ်ရေးလက်သံပြောင်ပြောင်နဲ့ ဖော်ပြထားတာသာ ဖြစ်တယ်" လို့ ဟူသီတို့က ပြောကြားခဲ့ပါတယ်။ အဲဒီဖော်ပြချက်ဟာ ယီမင်အစိုးရအရာရှိတွေကို ဒေါသထွက်စေခဲ့ပါတယ်။

ဘယ်လိုပဲဆိုဆို ဟူသီသူပုန်တွေဟာ ဟိုဒေးဒါကို ၂၀၁၄ ခုနှစ်ကတည်းက ထိန်းချုပ်ခဲ့တာဖြစ်ပြီး မြို့တော်ဆာနားနဲ့ ယီမင်နိုင်ငံရဲ့နေရာအတော်များများကို စီးနင်းခဲ့ပါတယ်။ အဲလိုလုပ်ပြီး မကြာခင်မှာပဲ ဆော်ဒီဦးဆောင် အစိုးရသစ္စာခံတပ်တွေဟာ သူပုန်တွေကို နှိမ်နင်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အခုအချိန်အထိ သူပုန်တွေကို ဆက်လက်မောင်းထုတ်နေရဆဲရှိပြီး ဘယ်အချိန်ကျမှ ပြီးဆုံးမလဲဆိုတာ အချိန်က သက်သေဖြစ်သွားမှာ ဖြစ်ကြောင်း။ ။

ကိုးကား - အေအက်ဖ်ပီ

"သက်တမ်းဝက်ရွေးကောက်ပွဲမှာ အနိုင်ရအောင်မြင်ခဲ့တဲ့ အမေရိကန်ဒီမိုကရက်တွေက အမေရိကန်အနေဖြင့် ဆော်ဒီအာရေဗျကို လက်နက်တွေပံ့ပိုးနေတာတွေကို လျှော့ချဖြတ်တောက်ချင်နေပါတယ်။ အဲဒီလို ဆော်ဒီကို လက်နက်ပံ့ပိုးမှုလုပ်ဆောင်မှုကြောင့် ယီမင်ဟာ ကုလသမဂ္ဂပြောနေတဲ့ လူသားချင်းဆိုင်ရာ တကယ့်ဘေးဒုက္ခကပ်ဆိုးကြီးကို အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ဆို"

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒို - ပစိဖိတ်အတွက် ထောက်ပံ့မှုများ ပေးသွားမည်ဟု အမေရိကန်ဒုတိယသမ္မတ ပြော

ဝါရှင်တန် နိုဝင်ဘာ ၁၂

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က အမေရိကန်အနေဖြင့် အင်ဒို- ပစိဖိတ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ထောက်ပံ့ပေးသွားမည်ဟုပြောသည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် အင်ဒို -ပစိဖိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လွတ်လပ်ပြီး ပွင့်လင်းသော အမေရိကန်၏မဟာဗျူဟာကို ဝါရှင်တန်ပို့စ်သတင်းစာတွင် ဆောင်းပါးရေးသားခဲ့သည်။

မိုက်ပန့်စ်သည် ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ ပါပူဝါနယူးဂီနီ နိုင်ငံများသို့ နိုဝင်ဘာ ၁၁ ရက်မှ ၁၈ရက်အထိ သွားရောက်မည်ဖြစ်သည်။ ၎င်းသည် အရှေ့တောင်အာရှနိုင်ငံများအသင်း ထိပ်သီးအစည်းအဝေး၊ အာရှ - ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတို့သို့ တက်ရောက်ရန်ရှိသည်။

မိုက်ပန့်စ်က ၎င်းတို့တိုင်းပြည်သည် အင်ဒို- ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ကူညီပေးသွားမည်ဖြစ်ကြောင်း လွန်ခဲ့သောလမှစကာ အမေရိကန်အစိုးရ၏ ကူညီထောက်ပံ့ပေးရေးမူဘောင်အရ အကူအညီပေးရေးဘဏ္ဍာငွေကို ၆၀ ဘီလီယံအထိ တိုးမြှင့်ထားကြောင်း ၎င်းက ဆက်ပြောသည်။

အင်န်အိတ်ချ်ကေ

### သတင်းအမှားများ ဖြန့်ဝေသည်ဟု စွပ်စွဲခံရသော ဂျာနယ်လစ် ပြန်လည်လွတ်မြောက်

ယွန်အက်ဒီ နိုဝင်ဘာ ၁၂

အကွီနိုစီ ရုပ်သံလိုင်းမှ ရုပ်သံတင်ဆက်သူ မီမီ မီဖိုဆိုသူမှာ သုံးရက်ကြာဖမ်းဆီးခံထားရာမှာ ယခုအခါ ပြန်လည်လွတ်မြောက်လာပြီဟု အဆိုပါရုပ်သံလိုင်းမှ စနေနေ့တွင် ကြေညာခဲ့သည်။

ရုပ်သံလိုင်းအနေဖြင့် ၎င်းပြန်လည်လွတ်မြောက်သွားသည့်အတွက် ကျေနပ်ဝမ်းသာမိကြောင်း၊ ၎င်းသည်ယခုအခါ မိသားစုနှင့်အတူရှိနေပြီ ဖြစ်ကြောင်း ရုပ်သံလိုင်းမှ ကြေညာခဲ့သည်။

ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က မီဖိုကို သတင်းအမှားများ ဖြန့်ဝေသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းဖြန့်ဝေခဲ့သော သတင်းအမှားကြောင့် ကင်မရွန်းနိုင်ငံ အန်ဂလိုဖုန်းဒေသတွင် ခွဲထွက်ရေးလက်နက်ကိုင်များကို တိုက်ပွဲဝင်နေသော အစိုးရတပ်ဖွဲ့ဝင်များကို စိတ်ဓာတ်ကျစေသည်ဟု ဆက်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

၎င်း၏ ရှေ့နေကမူ မီဖိုသည် တနင်္လာနေ့တွင် အစိုးရတပ်ဖွဲ့၏ခုံရုံးတွင် စစ်ဆေးခံရမည်ဟုဆိုသည် ။

ဆင်ဟွာ

# ဆိပ်ဖြူမြို့နယ်တွင် ထူးချွန်ရတနာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဆိပ်ဖြူ နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူတို့မှ အရှေ့ကံတွင်း အထကခွဲရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောက်လုပ်လှူဒါန်းခဲ့သည့် ထူးချွန်ရတနာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ချောက်မြို့ ပတ္တမြားရိပ်သာ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီး ဦးနန္ဒာစရိယနှင့် အရှေ့ကံတွင်းကျေးရွာ ကျောင်းထိုင်ဆရာတော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထူးချွန်ရတနာကျောင်းဆောင်သစ်ကြီးကို ပတ္တမြား ရိပ်သာ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်ဆန်းအောင်နှင့် ဒေါ်သက်မွန်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးပညာရေးမှူး ကလက်ခံယူခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ထူးချွန်ရတနာကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ကျောင်းရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လှည့်လည်ကြည့်ရှု

**ကျိုက်ထို နိုဝင်ဘာ ၁၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ ရက်က ကျိုက်ထိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ယင်းသို့ လိုက်လံကြည့်ရှုရာတွင် ကျိုက်ထိုမြို့နယ်အတွင်း ပြည်သူများ ရောင်းဝယ် ဖောက်ကားလျက်ရှိသည့် ပြည်သူ့ဈေးသို့ သွားရောက်ကြည့်ရှုပြီး ဈေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ရောင်းဝယ်ဖောက်ကားနေသည့် ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများ ကျန်းမာရေးနှင့်ပြည့်စုံ၍ စိတ်ချမ်းသာမှုရှိစေရန်ယခင်ဆောက်လုပ်ထားသည့် ဈေးအဆောက်အအုံကို လေဝင်လေထွက်ကောင်းမွန်၍ သွားလာလွယ်ကူပြီး သန့်ရှင်းသာယာ လှပစေရန်အတွက် အဆောက်အအုံအား ပုံစံသစ်ပြောင်းလဲ၍ပြန်လည်ဆောက်လုပ်ရန်နှင့် ပျံကျဈေးသည်များကို သတ်မှတ်နေရာချပေးရန်လိုကြောင်း၊ ဈေးသည်များအနေဖြင့် စည်ပင် အကောက်ခွန်အပြင် အနီးအနားရှိ နေအိမ်များကို အခကြေးငွေပေးနေရ၍ နစ်နာမှုရှိနေသည့်အတွက် သတ်မှတ်နေရာပေးရန်လိုကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ ပြန်လည်တည်ဆောက်လျက်ရှိသည့် ဖက္ကလိပ်ကျေးရွာနှင့် ကျိုက်ပိကျေးရွာကို ဆက်သွယ်သည့် တံတားသို့ သွားရောက်ကြည့်ရှုကာ ရေစီးရေလာကောင်းမွန်စေရန်နှင့် ရိုးချောင်းအတွင်းရှိရေကိုလည်း တောင်သူများအသုံးပြုနိုင်ရန် အမှိုက်များကင်းစင်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် မြောက်ပိုင်းရပ်ကွက် မြို့မဈေးကြီးသို့ သွားရောက်၍ ဈေးအတွင်းပြည်သူအများ ရောင်းဝယ်ဖောက်ကားနေမှုကို ကြည့်ရှုပြီး သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မှာကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**မယ်စဲ့ နိုဝင်ဘာ ၁၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ရွှေတောင်ဖောင်ဒေးရှင်း၏ နာယက ဦးအိုက်ထွန်းက ဆောက်လုပ်လှူဒါန်းသည့် ကျောက်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) RC တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျောက်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အထိမ်းအမှတ်ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခဲ့ကြကာ ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ရွှေတောင်ဖောင်ဒေးရှင်းမှ ကျောင်းရန်ပုံငွေအတွက် ငွေကျပ် ၂၅ သိန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ ကိုလည်းကောင်း၊ ရွှေလင်ဗန်းစက်မှုဇုန် ဥက္ကဋ္ဌ ဦးအေးသောင်းက ဗလာစာအုပ်ဒါဇင် ၂၀၀ ကိုလည်းကောင်း၊ အခြားကုမ္ပဏီနှစ်ခုမှ ကျောင်းဝတ်စုံအတွက် ငွေကျပ် ၁၉၂၀၀၀၀ကိုလည်းကောင်း၊ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ ကျောင်းရန်ပုံငွေအတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း တာဝန်ရှိသူများက အသီးသီး ပေးအပ် လှူဒါန်းခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ယင်းမာပင်မြို့နယ်၌ ကုသိုလ်ဖြစ်ဆေးရုံနှင့် စက္ခုဒါန မျက်စိဆေးရုံသစ်ဖွင့်

**ယင်းမာပင် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာ အထွေထွေရောဂါနှင့် စက္ခုဒါန မျက်စိဆေးရုံသစ်ကို နိုဝင်ဘာ ၁၀ ရက်က ဖွင့်လှစ်ခဲ့ရာ ရွှေဆံနွယ်ဆရာတော် ဒေါက်တာအရှင်ဝါယာမာနန္ဒ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ အလှူရှင်အဖွဲ့မှ တာဝန်ရှိသူတို့က စက္ခုဒါန မျက်စိဆေးရုံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆရာတော် ဒေါက်တာအရှင်ဝါယာမာနန္ဒ၊ ဝန်ကြီးနှင့်အဖွဲ့က မျက်စိဝေဒနာရှင်များကို ကုသိုလ်ဖြစ်ဆေးကုသပေးခြင်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး သက်ကြီးရွယ်အိုနှင့် မသန်စွမ်းတို့အတွက် လက်တွန်းလှည်း ၃၀၀ ကို လှူဒါန်းခြင်း၊ ဆေးရုံဝန်းကျင်ကျေးရွာများရှိ အိမ်ထောင်စု ၃၀၀၀ တို့အား ဆန်အိတ် ၁၀၀၀ လှူဒါန်းခြင်းနှင့် ဖွင့်ပွဲကာလအတွင်း လာရောက်သူများကို အာဟာရဒါနကုသိုလ်များလည်း ပြုလုပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ဆေးရုံကို မြေ ဧက ၅ ဒသမ ၈၇ဧကပေါ်တွင် အထွေထွေရောဂါကု ၂၅ ခုတင်ဆံ့ ပင်မဆောင် တစ်ဆောင်၊ မျက်စိကု ပင်မဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားဆောင်၊ သံဃာဆောင်၊ ဆေးစတို၊ ပစ္စည်းစတိုနှင့်ခွဲစိတ်ဆောင်၊ ရွှေဆံနွယ်ကိုယ်ပိုင်အထက်တန်းကျောင်းဆောင်များကို ဆောက်လုပ်ထားပြီး ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု ၁၀ အုပ်စုမှ ကျေးရွာပေါင်း ၃၆ရွာနှင့် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုတို့မှ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မိတ္ထီလာမြို့၌ တွေ့ဆုံပွဲအခမ်းအနားကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မိတ္ထီလာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဒေသတွင်းဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ကြသည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ မြေယာကိစ္စများနှင့် ကျန်းမာရေး၊ ပညာရေးအစရှိသည့် ပြည်သူဗဟိုပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ချပြဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် ကရင်ရိုးရာကောက်သစ်စားပွဲတော်ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး



**အိမ်မဲ နိုဝင်ဘာ ၁၂**

အိမ်မဲမြို့နယ် ကရင်အမျိုးသားစာပေနှင့်ယဉ်ကျေးမှုဦးစီးကော်မတီ၏ဦးဆောင်မှုဖြင့် ကျေးရွာအုပ်စု (၅၇)အုပ်စု စုပေါင်းကျင်းပမည့် (၄၈)ကြိမ်မြောက် စုပေါင်းကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို အခြေခံ၍ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂ့ါမိုးမြတ်မြတ်သူ ဦးစီးဆောင်ရွက်မည့် ပြည်ထောင်စုအဆင့် ကရင်ရိုးရာကောက်သစ်စားပွဲတော်နှင့် ဧရာဝတီတိုင်းဒေသကြီးကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်က အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စုတောင်စုကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကား ပြောကြားခဲ့ပြီး ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ထို့နောက် အိမ်မဲမြို့နယ် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူတို့က အားပေးစကားများ ပြောကြားခဲ့ပြီး အစည်းအဝေးကို ကရင်အမျိုးသားသီချင်းသီဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် ကရင်ရိုးရာကောက်သစ်စားပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်နှင့် ဧရာဝတီတိုင်းဒေသကြီး ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှစ၍ အားကစားပွဲများ စတင်ဆောင်ရွက်သွားမည် ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်ရက်များတွင် သက်ကြီးပူဇော်ပွဲများ၊ လက်ဝှေ့ပွဲများ၊ ခေတ်အဆက်ဆက် ကရင်အမျိုးသားဝတ်စုံပြခန်းများ၊ ကရင်တိုင်းရင်းသားအသုံးအဆောင်ပြခန်းများ၊ ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများပြခန်း၊ ထူးချွန် ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲများ၊ ဒုံးယိမ်း အကပြိုင်ပွဲများ၊ ဖျော်ဖြေရေးပွဲများ၊ ကရင်ဇာတ်များဖြင့် စည်ကားသိုက်မြိုက် စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကွင်းဆင်းပြုလုပ်ပြီး လူနာများအတွက် သောက်သုံးရေသန့်များဖြန့်ဝေလှူဒါန်း

**ညောင်ဦး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရည်ရွယ်၍ ပြည်သူ့အကျိုးပြု စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ဆေးရုံ၌ တက်ရောက်ဆေးကုသနေသည့်လူနာများသောက်သုံးရေအဆင်ပြေစွာ ရရှိရေးသောက်ရေသန့်များ ပေးဝေလှူဒါန်းခြင်းကို ယမန်နေ့က ညောင်ဦးမြို့ သဘာဝဘေးနှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်ကဖွဲ့စည်းထားရှိသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ကိုးဖွဲ့မှ အသင်းဝင်များက ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့ သဘာဝဘေးနဲ့ လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်က ဖွဲ့စည်းထားရှိတဲ့ ပရဟိတအသင်းအဖွဲ့ကိုးဖွဲ့ စုပေါင်းပြီး ဒီနေ့ မနက် ၇ နာရီခွဲအချိန်က ညောင်ဦးမြို့မှာရှိတဲ့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းနဲ့ လူနာတွေသောက်သုံးရေအဆင်ပြေစွာ သုံးစွဲခွင့်ရရှိစေရန်အတွက် သောက်ရေသန့်များ ဖြန့်ဝေလှူဒါန်းပေးခဲ့ပါတယ်။ စုပေါင်းသန့်ရှင်းရေးမှာပါဝင်ဆောင်ရွက်ကြတဲ့ ပရဟိတကိုးဖွဲ့ကတော့ ညောင်ဦးမြို့ပေါ်ရှိ မြတ်ဒါန၊ ကရုဏာရှင်၊ ပညာဒါန၊ စိတ်စေတနာ၊ စိတ္တသုခ၊ မြတ်ပါရီ၊ ဖြူစင်မေတ္တာ၊ ဇီဝိတ၊ သန်လျက်ချောင်းပရဟိတအခမဲ့ပညာဒါနကျောင်းတို့မှ စုပေါင်းသန့်ရှင်းရေး အနေနဲ့ ဆေးရုံကြီးအတွင်းအပြင်မှာရှိတဲ့ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်တွေကြောင့် လူနာတွေ စိတ်အနှောင့်အယှက်မဖြစ်စေဖို့အတွက် မနက် ၇ နာရီခွဲမှ ၈ နာရီခွဲအထိ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ပါတယ်။ လူနာတွေ သောက်သုံးရေအဆင်ပြေစေရေးအတွက် ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၃၀ ဘူးကို ဖြန့်ဝေလှူဒါန်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ ပရဟိတကိုးဖွဲ့စုပေါင်းပြီး အခုလို ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသပ်ရပ်မှုရှိစေဖို့အတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို တစ်လနှစ်ကြိမ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု အသင်းဝင်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဖျာပုံမြို့ ပင်လယ်ဒေသထွက်ကုန် ပုစွန်ခြောက်၊ ငါးခြောက်များ ယမန်နှစ်ကထက် ရောင်းအားကျဆင်းနေ

**ဖျာပုံ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ပင်လယ်ဒေသထွက်ကုန်များဖြစ်သော ပုစွန်ခြောက်၊ ငါးခြောက်များ မနှစ်ကထက် ယခုနှစ်တွင် အရောင်းအဝယ်အေးနေပြီး ရောင်းအားကျဆင်းနေကြောင်း ပုစွန်ခြောက်၊ ငါးခြောက်ရောင်းဝယ်လုပ်ကိုင်နေသော ဆိုင်ရှင်များထံမှ သိရသည်။

"မနှစ်ကရောင်းအားနဲ့စာရင် ဒီနှစ်ရောင်းအားက ကျတယ်။ လူတွေရဲ့ စားဝတ်နေရေး အခက်အခဲတွေရှိသလားတော့ မသိဘူးလေ။ မနှစ်ကရောင်းအားကို မမီဘူး။ ဈေးနှုန်းတွေကလည်း သိပ်တော့ မကွာဘူး။ ဒါပေမယ့် ဒီနှစ်ရာသီမှာ အခုလိုပဲ ကုန်တွေက တက်လိုက်ကျလိုက်ဖြစ်နေတာ။ ဒါပေမယ့် အရောင်းအဝယ်အေးတဲ့အတွက် အခက်အခဲလေးတွေရှိတာပေ့ါ။ ကိုယ်ပြန်ဝယ်ပြီး ရင်းနှီးရတဲ့ငွေရယ်၊ ရောင်းရငွေရယ်၊ အခက်အခဲတွေတော့ ရှိပါတယ်။ ဒီနှစ်က ရောင်းအားကနည်းနေတယ်။ မနှစ်ကဆိုရင် ကုန်စုံရင် တစ်နေ့ကိုငွေကျပ်လေးသိန်း၊ ငါးသိန်းဖိုးလောက် ရောင်းရတယ်။ ဒီနှစ်ဆိုရင် တစ်နေ့ကို ငွေကျပ်သုံးသိန်းဝန်းကျင်လောက်ပဲ ရောင်းရတယ်။ ပုံမှန်တော့ မရှိဘူး။ ရောင်းရတဲ့နေ့ ရောင်းရသလို မရောင်းရတဲ့နေ့တွေလည်း ရှိတယ်။ မနှစ်ကလောက် ရောင်းပန်း မသာဘူး။ ဒီနှစ်က အရောင်းအဝယ်အေးနေတယ်" ဟု ငါးခြောက်၊ ပုစွန်ခြောက်ရောင်းဝယ်ရေးဆိုင်ရှင် ဦးသောင်းစိန်က ပြောသည်။

"ဒီနှစ်က ဈေးလေးနည်းနည်းမြောက်တယ်။ အရောင်းအဝယ်က အရင်နှစ်ထက်တော့ နည်းနည်းပါးတယ်။ ဘာကြောင့်လဲဆိုတော့ အချိန်ကလည်း လုပ်ငန်းအစဆိုတော့ နောက်လလောက်မှ ဝယ်လက်တွေက ဆင်းမှာပါ၊ ပုစွန်ခြောက်အကောင်ကြီး လက်ဖွာခြောက် တစ်ပိဿာကို ငွေကျပ် ၃၈၀၀၀ မှ ၄၀၀၀၀၊ သူ့ထက်နိမ့်တဲ့ အလတ်ပုစွန်ခြောက် အမျိုးအစားပေါ်မူတည်ပြီး တစ်ပိဿာ ငွေကျပ် ၃၅၀၀၀၊ ၃၂၀၀၀၊ ၃၀၀၀၀၊ ၂၈၀၀၀ပစ္စည်းပေါ် မူတည်ပြီး ရောင်းပါတယ်။ ပုစွန်ခြောက်အသေးမျှခြောက်ကိုတော့ငွေကျပ် ၃၅၀၀၊ ၄၅၀၀၊ ၇၀၀၀၊ ၁၁၀၀၀၊ ၁၅၀၀၀ အမျိုးအစားအလိုက် ရောင်းချနေပါတယ်" ဟု ရောင်းဝယ်နေသူတစ်ဦးက ပြောသည်။

ဖျာပုံမြို့ ဆိပ်ကမ်းသာဈေးတွင် အောက်တိုဘာ ၁၀ ရက်က ငါးခြောက် ငါးကွန်းရှပ်ခြောက် ရှယ်အကောင်ကြီး တစ်ပိဿာ ငွေကျပ် ၁၆၀၀၀ မှ ၁၈၀၀၀၊ ကတ်ကူရုံခြောက် ရှယ်တစ်ပိဿာ ငွေကျပ် ၁၆၀၀၀ မှ ၁၈၀၀၀၊ ငါးရောင်ဝါခြောက်ရှယ်တစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ဆီငါးရောင်ခြောက် ရှယ်တစ်ပိဿာငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ရောင်းချနေကြောင်း၊ အခြားငါးခြောက်အမျိုးအစားပေါင်း များစွာနှင့် မှျင်ငါးပိ၊ ရည်ကျိုငါးပိ၊ ငံပြာရည်ကိုလည်း ဈေးနှုန်းအသီးသီး ရောင်းချနေကြောင်း သိရသည်။

ဖျာပုံမြို့၏ အဓိက ဒေသထွက်ကုန်လုပ်ငန်းများမှာ ရေလုပ်ငန်း၊ ဆန်စပါး၊ ဆား၊ ငါး၊ ပုစွန်ရောင်းဝယ်ရေး လုပ်ငန်းများဖြစ်ကြောင်း သိရသည်။



**ကျော်စိုးမိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၄၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၆၀/၁၀၇၅ ကျပ် | ၁၀၉၀/၁၁၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၇၀/၁၀၈၅ ကျပ် | ၁၁၀၅/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၀/၉၈၅ ကျပ် | ၁၀၂၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၈၅/၁၀၆၅ ကျပ် | ၁၀၇၀/၁၁၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၅ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၇ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၉ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၆ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၆၃၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၈ · ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၃၇၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး

မောင်သာ(ရှေးဟောင်းသုတေသန)

လူသားများ၏ သမိုင်းစဉ်ဆက်တစ်လျှောက် တည်ရှိ၊ ကျင့်သုံးခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုများသည် တန်ဖိုးမဖြတ်နိုင်သည့်အမွေအနှစ်များဖြစ်ကြသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံများရှိ ဒြပ်ရှိနှင့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို) ကလည်း နိုင်ငံအသီးသီးရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်(World Heritage)၊ မှတ်တမ်းအမွေအနှစ် (Memory of the World)၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Lists of Intangible Culture Heritage) စသည်ဖြင့် ဖော်ထုတ်ပေးလျက်ရှိနေပေသည်။

သမိုင်းစဉ်ရှည်လျားခဲ့ကာ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝသည့် မြန်မာနိုင်ငံတွင်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူတိုင်းက တန်ဖိုးထားမြတ်နိုးသောစိတ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုပြုနိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေသည်။ ယင်းဆောင်ရွက်မှုများအနက် တစ်ခုဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ယခုနှစ် အောက်တိုဘာနောက်ဆုံးပတ်က အမျိုးသားပြတိုက်(ရန်ကုန်)၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဥပဒေချုပ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ လူထုအသိုက်အဝန်းအခြေပြု အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအသိုက်အဝန်းမှ ပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ မီဒီယာနှင့် သတင်းဌာနများမှ တာဝန်ရှိသူများ၊ သုတေသီများ အပါအဝင် သင်တန်းသား ၆၂ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ပြတိုက်အတိုင်ပင်ခံပညာရှင် အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနုမြဇံ၊ အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ဝင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်တို့က စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြသည်။

### သင်တန်းရည်ရွယ်ချက်နှင့် ပို့ချမှုများ

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး သင်တန်းကို-

(၁) ယူနက်စ်ကိုအဖွဲ့၏ ၂၀၀၃ ခုနှစ် သဘောတူစာချုပ်ကို အကောင်အထည်ဖော်မည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ အရည်အချင်းမြှင့်တင်ခြင်းဗျူဟာပါ သင်ရိုးကို လွှမ်းခြုံနိုင်မည့် ဦးတည်ချက်ဖြစ်စေရန်၊

(၂) စာချုပ်ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံအနေဖြင့် တင်သွင်းရန်တာဝန်ရှိသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို တစ်ခုဖြစ်စေ၊ တစ်ခုထက်ပိုမို၍ဖြစ်စေ၊ စာရင်းသွင်းရန်အတွက် ပြင်ဆင်နိုင်စေရန်၊

(၃) စာချုပ်ဝင်နိုင်ငံက တန်ဖိုးထားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို သက်ဆိုင်ရာအသိုက်အဝန်းက လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန်၊

(၄) စာချုပ်ဝင်နိုင်ငံက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့်ပတ်သက်သောအသိုက်အဝန်းကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တင်သွင်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် မည်သို့ပါဝင်ပတ်သက်နေကြောင်း အသိပေးနိုင်ရန်၊

(၅) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့်ပတ်သက်သော အသိုက်အဝန်းအနေဖြင့် အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်၍ ပြည်သူသို့ သတင်းအချက်အလက် မည်မျှပေးမည်ကို သဘောတူညီချက်ရယူရန်နှင့်

(၆) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းကောက်ယူရာတွင် လူငယ်မျိုးဆက်သစ်များပါဝင်စေရန် ဟူသည့် ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် ဖွင့်လှစ်ခဲ့သည်။

သင်တန်းကာလအတွင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သိကောင်းစရာများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ယူနက်စ်ကိုစာရင်းသို့ ရေးသွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး မူဘောင်၊ ၂၀၀၃ ခုနှစ် ယူနက်စ်ကိုကွန်ဗင်းရှင်း ရှင်းလင်းချက်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများ၊ ကွန်ဗင်းရှင်းကိုအကောင်အထည်ဖော်မည့် လုပ်ငန်းလမ်းညွှန်များ၊ လူထုအသိုက်အဝန်းအခြေပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းရေးသွင်းခြင်းဆိုင်ရာ သိကောင်းစရာများ၊ စာရင်းဖြည့်သွင်းနည်း စသည်တို့ကို ပို့ချခဲ့ပြီး သင်တန်းသားသင်တန်းသူများကိုယ်တိုင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကဏ္ဍငါးခုနှင့် လူထုအသိုက်အဝန်းအခြေပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် လက်တွေ့စာရင်းဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရပေသည်။

### ဒြပ်မဲ့ ယဉ်ကျေးမှုနယ်ပယ်

ယဉ်ကျေးမှုအမွေအနှစ်များကို ဒြပ်ရှိနှင့် ဒြပ်မဲ့ ခွဲခြားထားရာ အရိုးရှင်းဆုံးဖွင့်ဆိုချက်မှာ ဒြပ်ရှိသည် ကိုင်တွယ်ထိတွေ့နိုင်သည့် ရုပ်ဝတ္ထုပစ္စည်းများဖြစ်ပြီး ဒြပ်မဲ့သည် ကိုင်တွယ်ထိတွေ့ခြင်းမပြုနိုင်သည့်အရာများ ဖြစ်ကြသည်။

ဒြပ်ရှိနှင့် ဒြပ်မဲ့ အမွေအနှစ်များတွင် ဒြပ်ရှိအမွေအနှစ်များကို စစ်မှန်မှုတန်ဖိုး အကဲဖြတ်ရသော်လည်း ဒြပ်မဲ့အမွေအနှစ်များကိုမူ စစ်မှန်မှုအကဲဖြတ်ရန် မလိုအပ်ပါချေ။ ဒြပ်ရှိအမွေအနှစ်ကို အစိုးရနှင့် ကျွမ်းကျင်ပညာရှင်များက တန်ဖိုးဖြတ်ကြရသော်လည်း ဒြပ်မဲ့အမွေအနှစ်များကိုမူ အားလုံးတန်းတူတန်ဖိုးထားရှိ၍ ရပ်ရွာအသိုက်အဝန်းကသာ ဆုံးဖြတ်လေ့ရှိသည်။



ထိန်းသိမ်းစောင့်ရှောက်ရမည့် ပအိုးဝ်တိုင်းရင်းသားများ၏ တန်ဆောင်တိုင်မီးပူဇော်ပွဲ (ဟိုပုံးမြို့နယ်)

မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားများက တန်ဖိုးထားမှု မြင့်မားလာစေရန်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး၏ အရေးကြီးပုံကို ပိုမိုနားလည်ကာ အကောင်အထည်ဖော်မည့်လုပ်ငန်းများတွင် ပြည်သူလူထုပါဝင်လာစေရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာပြန့်ပွားစေရန် ရည်ရွယ်လျက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွင် ပါဝင်သည့် နယ်ပယ်ငါးရပ်(Domain)ကို (၁)နှုတ်ပြောရာဇဝင်နှင့် ဘာသာစကားအပါအဝင် ဖော်ပြချက်များ(Oral Traditions and Expressions including Language)၊ (၂) ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ်များ(Performing Arts)၊ (၃)လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ရိုးရာဓလေ့များ(Social Practices, Rituals and Festive Events)၊ (၄) သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အစဉ်အလာအလေ့အထများ(Knowledge and Practices concerning Nature and the Universe)၊ (၅) ရိုးရာလက်မှုပညာရပ်များ(Traditional Craftrmanship) ဟု ပိုင်းခြားထားသည်။

အစဉ်အဆက်စောင့်ထိန်းကြရမည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက် နှုတ်ပြောရာဇဝင်နှင့် ဘာသာစကား အပါအဝင် ဖော်ပြချက်များတွင် ပုံပြင်များ၊ စကားထာများ၊ စကားပုံများ၊ ဒဏ္ဍာရီရာဇဝင်များ၊ ဘာသာစကားများ ပါဝင်သည်။

ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ်များတွင် အဆိုအက အရေး အတီးများ၊ ကျေးလက်သီချင်းများ၊ တူရိယာတီးမှုတ်အသုံးပြုမှုများ၊ ရိုးရာပြဇာတ်များပါဝင်သည်။

ရိုးရာဓလေ့အလှူပွဲ၊ လက်ထပ်မင်္ဂလာပွဲ၊ သေသူကိုသင်္ဂြိုဟ်သည့်အလေ့အထ အစရှိသည့် အစဉ်အလာ ထုံးတမ်းများ၊ ဘုရားပွဲများအပါအဝင် ရိုးရာပွဲများ၊ ကစားခုန်စားနည်းများသည် အနုပညာရပ်များ၊ လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ရိုးရာဓလေ့များနယ်ပယ်တွင် ပါဝင်သည်။

သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အလေ့အထများတွင် နက္ခတ်တာရာကြည့်နည်းများ၊ ဗေဒင်ကိန်းခန်း တွက်ချက်နည်းများ၊ ကိုးကွယ်ယုံကြည်မှုများ၊ အင်းအိုင်ခါးလှည့်ရေးထိုးနည်းများ၊ ထိုးကွင်းမင်ကြောင်၊ အင်းကွက် ထိုးနည်းများ၊ ရိုးရာအစားအသောက်များ၊ ရိုးရာတိုင်းရင်းဆေးဖော်စပ်ပုံများ စသည်တို့ ပါဝင်သည်။

ထို့အတူ ရိုးရာရက်ကန်း၊ ဂျပ်ခုတ်နည်းများ၊ မြန်မာ့ရိုးရာပန်း ၁၀ မျိုး အတတ်ပညာ၊ တူရိယာပစ္စည်းများ၊ ရိုးရာအသုံးအဆောင်များ၊ အိုးပြုလုပ်နည်းများသည် ရိုးရာလက်မှုပညာရပ်များ ဖြစ်ကြပေသည်။

ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို နယ်ပယ်ငါးခု သတ်မှတ်ထားသော်လည်း ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုသည် နယ်ပယ်တစ်ခုတွင်သာမက အခြားနယ်ပယ်များတွင်လည်း အကျုံးဝင်နိုင်သည်။ ဥပမာ ချင်းတိုင်းရင်းသားများ၏ရိုးရာ ခွါဒိုပွဲတော်သည် ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ်များတွင် ပါဝင်သကဲ့သို့ လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ရိုးရာဓလေ့များနယ်ပယ်တွင်လည်း ပါဝင်သည်။

### ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကွယ်ပျောက်သွားသည့် အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်ခြင်းမဟုတ်ဘဲ လက်ရှိကျင့်သုံးနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းဖြစ်သည်။ ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုသည် ရှင်သန်နေသည့် အမွေအနှစ်၊ မှတ်တမ်းတင်ထားရမည့် အမွေအနှစ်၊ လက်ဆင့်ကမ်းလာခဲ့သည့် အမွေအနှစ်များသာ ဖြစ်ကြပေသည်။

အမွေအနှစ်ကိုထိန်းသိမ်းကြရာတွင် တန်ဖိုးထား မြတ်နိုးမှုသာ ထိန်းသိမ်းလိုစိတ်ရှိကြမည်ဖြစ်သဖြင့် ပြည်သူအများက ဒြပ်မဲ့ယဉ်ကျေးမှုတန်ဖိုးကို သိရှိလက်ခံကြရန် လိုအပ်သည်။ ထို့ကြောင့် ပြည်သူအများ သိရှိနားလည်နိုင်ကြစေရန် ဖျော်ဖြေတင်ဆက်ပွဲများကျင်းပခြင်း၊ ပြပွဲများ ခင်းကျင်းပြသခြင်း၊ ပြိုင်ပွဲများပြုလုပ်ခြင်း၊ စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်း၊ သုတေသနစာတမ်းများဖတ်ကြားခြင်း၊ သတင်းမီဒီယာများမှ ထုတ်လွှင့်ပြသ ဟောပြောရေးသားခြင်းနှင့် သင်ကြားပို့ချခြင်းများကို ဆောင်ရွက်ကြရပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းရာ၌ မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှုတက္ကသိုလ် အပါအဝင် အနုပညာသင်တန်းကျောင်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ခတ်ပုံ၊ ပန်းပညာရှင် အဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အဓိကကဏ္ဍတွင် ပါဝင်လျက်ရှိနေသည်။

### ယူနက်စ်ကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် လူထုအသိုက်အဝန်းအခြေပြုစာရင်းကို ကွဲပြားခြားနားသော အတွေ့အကြုံအမျိုးမျိုးပေါ်တွင် အခြေခံလျက် ရေးသွင်းပြုစုကြရသည်။ ထိုသို့ရေးသွင်းရာတွင် တစ်ဦးချင်းနှင့် အုပ်စုလိုက်တွေ့ဆုံမေးမြန်းခြင်း၊ မြေပုံရေးဆွဲခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းနှင့် အသံဖမ်းယူခြင်းတို့ကို ဆောင်ရွက်ကြရသည်။

ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းမှတ်တမ်းကောက်ယူရာတွင် သတ်မှတ်ပုံစံ(Inventory Form)အတိုင်း စနစ်တကျ ကောက်ယူကြရသည်။ စာရင်းကောက်ယူရာတွင် အဓိကခေါင်းစဉ်များဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ခွဲခြားသတ်မှတ်ခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ သွင်ပြင်လက္ခဏာ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တည်တံ့မှုအခြေအနေ၊ ကန့်သတ်ချက်များနှင့် ခွင့်ပြုချက်များ၊ အကိုးအကားများကို ဖော်ပြကြရသည်။

ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို)သည် ကမ္ဘာတစ်ဝန်းရှိ အရေးပါသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အမည်စာရင်း (Lists of Intangible Cultural Heritage)ကို ၂၀၀၈ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်စားပြုစာရင်း(Representative List) နှင့် အဆောတလျင်ထိန်းသိမ်းရမည့်စာရင်း(Urgent Safeguarding List)ဟု ခွဲခြားကောက်ခံခဲ့သည်။ ၂၀၁၇ ခုနှစ်အထိ ယူနက်စ်ကိုအဖွဲ့သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ၄၂၉ ခုကို အသိအမှတ်ပြုခဲ့ပြီးဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့ကောက်ယူထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)သို့ အမည်စာရင်းတင်သွင်းနိုင်ကြရာ အရှေ့တောင်အာရှနိုင်ငံများမှ အမွေအနှစ် ၂၅ ခုကို အသိအမှတ်ပြုခဲ့သည်။ ယင်းစာရင်းတွင် ကိုယ်စားပြုစာရင်း ၂၀ နှင့် အဆောတလျင်ထိန်းသိမ်းရမည့်စာရင်း ငါးခုပါဝင်ခဲ့ရာ ဗီယက်နမ်နိုင်ငံက အများဆုံးဖြစ်သည်။

### မြန်မာနိုင်ငံမှ ဒြပ်မဲ့ယဉ်ကျေးမှုစာရင်း

မြန်မာနိုင်ငံတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ အဖွဲ့ဝင် ၃၀ ဦးပါဝင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းလျက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးကို ဆောင်ရွက်လျက်ရှိနေသည်။ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ကာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် နယ်ပယ်ငါးရပ်(Domain)အလိုက် စာရင်းများကောက်ယူခဲ့ရာ စုစုပေါင်း ၁၈၀၀ ခန့် ရရှိခဲ့ပြီးဖြစ်ပေသည်။

ကောက်ယူထားပြီးသည့် မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် နှုတ်ပြောရာဇဝင်နှင့် ဘာသာစကား အပါအဝင် ဖော်ပြချက် ၇၈ ခု၊ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ် ၄၆၁ ခု၊ လူမှုရေးအစဉ်အလာ အလေ့အထနှင့် ရိုးရာဓလေ့ ၅၆၁ ခု၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အစဉ်အလာ အလေ့အထ ၁၀၄ ခု၊ ရိုးရာလက်မှုပညာရပ် ၅၉၆ ခု ပါဝင်သည်။ ယင်းအမွေအနှစ်စာရင်းတွင် ရှမ်းပြည်နယ်က ၃၉၃ ခုပါရှိကာ အများဆုံးဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များရှိနေကာ တိုင်းရင်းသားများ အများဆုံးနေထိုင်ကြသည့် ပြည်နယ်ခုနစ်ခုတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ အများဆုံးရှိနေကြပေသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းကို အစုအဖွဲ့များ၊ မျိုးနွယ်စုများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းက တင်သွင်းနိုင်ကြသည်။ အမွေအနှစ်တစ်ခုချင်းကို မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ သမိုင်းပညာရှင် ဒေါက်တာတိုးလှ ဦးဆောင်သည့် ပညာရှင်အဖွဲ့က စိစစ်၍ အမျိုးသားအဆင့်ကော်မတီက အတည်ပြုသည်။

မြန်မာနိုင်ငံအဆင့်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ၁၈၀၀ ကို စုဆောင်းပြီးနောက် ယင်းတို့အနက် သင့်လျော်သော အမွေအနှစ်စာရင်းကို ယူနက်စ်ကိုအဖွဲ့သို့ ဆက်လက်တင်သွင်းနိုင်ရန် စီစဉ်လျက်ရှိပေသည်။ ယင်းအစီအစဉ်ကို အထောက်အပံ့ဖြစ်နိုင်စေရန် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးသင်တန်းမှ သင်တန်းသား တစ်ဦးချင်းစီအား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အမည်စာရင်းတစ်ခုခုကို တင်သွင်းစေခဲ့သည်။ ထို့ကြောင့် လက်ရှိကောက်ယူထားပြီးသည့်စာရင်းတွင် မပါဝင်သေးသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အချို့ ပေါ်ထွက်လာခဲ့ပေသည်။

နိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ရှိနေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူများက တန်ဖိုးထားမှုမြင့်တက်လာရန် လိုအပ်သည်။ ထို့အတူ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန် အရေးကြီးပုံကို ပြည်သူများ ပိုမိုသိရှိနားလည်ခြင်းဖြင့် အကောင်အထည်ဖော်မည့်လုပ်ငန်းများတွင် ပြည်သူများ ပါဝင်လာနိုင်ကြမည်ဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာပြန့်ပွားရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများအနက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးသင်တန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများအား ပို့ချနိုင်ခဲ့သဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးဖြစ်ထွန်းစေမည်သာဖြစ်သည်။ ထို့ကြောင့် ယင်းသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးတွင်သာမက ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကို အထောက်အကူဖြစ်စေနိုင်မည်ဟု ယူဆမိပေသည်။ ။

# လေးဆူဓာတ်ပျော် ရွှေဆံတော်ပွဲတော် လှမ်းလာခဲ့နော် စဉ်ဖိတ်ခေါ်

— မြင့်နိုင်(ပြည်) —



ပျူယဉ်ကျေးမှုအကြောင်းကိုပြောလျှင် သရေခေတ္တရာမပါလျှင် မပြီးပါ။ သရေခေတ္တရာ၏ ခမ်းနားကြီးကျယ်မှုသည် ပျူယဉ်ကျေးမှုတွင် ခိုင်မာသော အထောက်အထားများ များစွာရှိခဲ့သည်။

သရေခေတ္တရာသည် တောင်တွင်းကြီး ဗိဿနိုးနှင့် ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် မြန်မာသမိုင်းတွင် သရေခေတ္တရာသည် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေကြောင်း တွေ့ကြရပေသည်။ ပျူခေတ်၏ အရေးပါသော သရေခေတ္တရာသည် ယခုအခါ မြန်မာတို့၏ ပြည်မြို့ဖြစ်ခဲ့ချေပြီ။

ပြည်မြို့သည် မြို့၏အနေအထား၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရ မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့တစ်မြို့လည်း ဖြစ်သည်။

ပြည်မြို့သည် ရခိုင်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး ကူးလူးဆက်ဆံမှု၏ တံခါးပေါက်မြို့တစ်မြို့လည်း ဖြစ်သည်။ ပြည်မြို့မှ အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံသို့ လွယ်ကူစွာကူးသန်းသွားလာနိုင်သည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့များနှင့်လည်း ဆက်သွယ်ပေးထားသော မြို့ဖြစ်သည်။

အထူးသဖြင့် ပြည်မြို့သည် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်နှင့်လျော်ညီစွာ သမိုင်းဝင်စေတီဘုရားပုထိုး၊ မော်ကွန်း ကျောက်စာ၊ ကျောင်းကန်၊ ဇရပ်နှင့် သာသနိက အဆောက်အအုံများ များစွာရှိလေသည်။

**“ပွဲတော်ကျင်းပစဉ်ကာလအတွင်း ပွဲတော်နယ်နိမိတ်အတွင်း/အပြင်တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပွား ပေါ်ပေါက်ပါကလည်း ခရိုင်အုပ်ချုပ်ရေးမှူးထံချက်ချင်းအကြောင်းကြားနိုင်ရေး အစီအစဉ်များ ဆောင်ရွက်ထား”**

နှစ်စဉ်သမိုင်းဝင်တန်ခိုးကြီးဘုရားများ၏ ပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ (တန်ဆောင်တိုင်) ပွဲတော်ကို ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၂ ရက်နေ့အထိ နိုဝင်ဘာ ၁၅ ရက်နေ့မှ ၂၄ ရက်နေ့အထိ အစဉ်အလာမပျက် အေးချမ်းသာယာစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် ဦးစီးကော်မတီနာယကအဖွဲ့ဝင်အဖြစ် ပါဝင်ကာ ကော်မတီဝင် ၃၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးလည်း ဖြစ်သည်။

လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ၃၁ ဦးနှင့် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံရေးနှင့် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရေး ကော်မတီ ၅၂ ဦး၊ ဈေးဆိုင်ခန်းများ ကြီးကြပ်ရေးကော်မတီ ၂၁ ဦး၊ ကျန်းမာရေး လုပ်ငန်းကော်မတီ ၂၀၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားလှုံ့ဆော်ရေးကော်မတီ ၁၅ ဦး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ ၁၄ ဦး၊ ဈေးဆိုင်ခန်းများ နေရာချထားရေးကော်မတီ ၁၄ ဦး၊ အခမ်းအနားပြင်ဆင်ရေး၊ ပျော်ပွဲရွှင်ပွဲနှင့် ဇာတ်သဘင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ၂၆ ဦး၊ ဆွမ်းဆန်စိမ်းလောင်းလှူရေး၊ ဘုရားအနေကဇာတင်၊ ဆွမ်းတော်ကြီးကပ်၊ ဆီမီးပူဇော်၊ ဝတ်ရွတ်ပူဇော်ရေး လုပ်ငန်းကော်မတီ ၁၄ ဦးနှင့် ကြိုဆိုညှေ့ခံချက်ပြုတ်ကျွေးမွေးရေးလုပ်ငန်းကော်မတီ ၁၆ ဦးတို့ဖြင့် စနစ် တကျ ဖွဲ့စည်းထားပြီး အောင်မြင်စည်ကားစွာ ကျင်းပနိုင်ရေး အတွက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးသည် အပြန်အလှန် ဆက်သွယ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ပွဲတော်ကျင်းပစဉ်ကာလအတွင်း ပွဲတော်နယ်နိမိတ်အတွင်း/အပြင်တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားပေါ်ပေါက်ပါကလည်း ခရိုင်အုပ်ချုပ်ရေးမှူးထံ ချက်ချင်းအကြောင်းကြားနိုင်ရေး အစီအစဉ်များ ဆောင်ရွက်ထားသည်။ ပွဲတော်ကို ယခင်နှစ်များကဲ့သို့ပင် ခရိုင်အဆင့်၊ မြို့အင်္ဂါရပ်နှင့်အညီ အထူးစည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင်ကျင်းပသွားနိုင်ရန် အတွက်လည်းကောင်း၊ ဘာသာရေးဆိုင်ရာပွဲတော်ဖြစ်သည့်အလျောက် ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒများကို ခံယူကာ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အဘက်ဘက်မှ လိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရာတွင် ဘဏ္ဍာငွေများ တိုးပွားလာစေရေး၊ ကုန်ကျစရိတ် လျော့နည်းသုံးစွဲစေရေး၊ အသုံးစရိတ်ချွေတာစိစစ်သုံးစွဲရေးတို့ကို အထူးအလေးထားပြီး ဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

အလှူငွေများ ရရှိရေးအတွက် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့မှ ဦးစီး၍ ဝေယျာဝစ္စအဖွဲ့များမှ အလှည့်ကျတာဝန်ယူလျက် အလှူခံဌာနများဖွင့်လှစ်အလှူခံရေး စသည့်လုပ်ငန်းများကို လုပ်ငန်းကော်မတီများမှ ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီး အေးချမ်းသာယာအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးကို ဦးတည်၍ ကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် သမိုင်းဝင်ပြည်ရွှေဆံတော်ဘုရားကြီး၏ (၁၁၉) ကြိမ်မြောက် မြတ်စွယ်တော်ဖွင့်လှစ် ပူဇော်ခံပွဲနှင့် မြို့တွင်း လှည့်လည်ပူဇော်ခံပွဲကို စည်ကားစွာ အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများကို ဖိတ်ခေါ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပေါက်ချောင်းပုံကျဈေးကို မိုးလုံကွန်ကရစ်ခင်းဈေးဆိုင်ခန်းများအဖြစ် ပြန်လည်နေရာချပေးမည်

**မိတ္ထီလာ နိုဝင်ဘာ ၁၂**




မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးဌာနမှ သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျရောင်းချနိုင်ရန်နှင့် ဈေးဝယ်ပြည်သူများ စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်စေရန် ရည်ရွယ်၍ ပေါက်ချောင်းဈေးကို မိုးလုံကွန်ကရစ်ခင်း ဈေးဆိုင်ခန်းများအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းပြီးစီး၍ ယခုလအတွင်း ဆိုင်ခန်းနေရာများအား ပြန်လည်နေရာချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မိတ္ထီလာမြို့နယ် ပေါက်ချောင်းပုံကျဈေးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဈေးသည်များအား ပြန်လည်နေရာချထားနိုင်ရေးအတွက် ပုံကျဈေးအတွင်းရောင်းချလျက်ရှိသည့် ကုန်ခြောက်ရောင်းချသူ ၆၃ ဦး၊ ကုန်စိမ်းရောင်းချသူ ၇၉ ဦး၊ ပန်းရောင်းချသူ ၂၁ ဦး၊ စားသောက်ကုန်ရောင်းချသူ ၄၄ ဦး၊ စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချသူ ၁၈ ဦး၊ အထည်၊ ဖိနပ်ရောင်းချသူ ၁၃ ဦး၊ အသားငါးရောင်းချသူ ၆၆ ဦးနှင့် အိုးရောင်းချသူတစ်ဦးတို့အနက်မှ အုပ်စုအလိုက် နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်များတွင် ကန်တော် မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နီလာဝင်း၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်မောင်တင်တို့က ဆိုင်ခန်းများကို မဲစနစ်ဖြင့် ပြန်လည်နေရာချနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကြိုင်က ပေါက်ချောင်းပုံကျဈေး ဈေးရုံအတွင်းမှ ဆိုင်ခန်းများမှာ တစ်ခန်းအလျား ၅ ပေ အနံ ၄ ပေ ၆ လက်မရှိပြီးဈေးဆိုင်ခန်းပေါင်း ၃၀၅ ခန်း ဆောင်ရွက်ထားရှိ၍ ယင်းဈေးအတွင်း ရောင်းချလျက်ရှိသည့် အသားငါးဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ကုန်ခြောက်ဆိုင်များနှင့် စားသောက်ဆိုင်များ ရောထွေးခြင်းမရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆိုင်ခန်းများ ပြန်လည်နေရာချထားနိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများကို တင်ပြဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဈေးသည်များက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

# တောင်ငူမြို့၌ ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (HIV/AIDS) Myanmar Interfaith Network on AIDS (MINA)တောင်ငူအဖွဲ့မှ ကြီးမှူး၍ ဒီပါဝလီ ပွဲတော်အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် ဆုတောင်းမေတ္တာပို့သပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် တောင်ငူမြို့ (၂၂)ရပ်ကွက် သျှရီဂျ(ယ်)အမ်ဘေ ဘုရားကျောင်း၌ ကျင်းပရာတောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်ဉူးစာသင်တိုက်ဆရာတော် မစုရဘာဏီအရှင်သောပါက အရှင်သူမြတ်မှ ဆုတောင်းမေတ္တာပို့သဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ဘာသာကြီးလေးခုတို့မှ ခေါင်းဆောင်များက ဆီမီးထွန်းညှိခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ကြသည်။ အခမ်းအနားသို့ တောင်ငူ MINA နာယကဆရာတော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပရဟိတအသင်းများ၊ မြို့နယ်ဟိန္ဒူကောင်စီ အမှုဆောင်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဟိန္ဒူမျိုးနွယ်စုဝင်မိသားစုများ တက်ရောက်ကြကြောင်း သိရသည်။ **ဝင်း၈**

# ရွှာသာကြီး ဆေးရုံကြီးမှ ပိုင်ရှင်မဲ့စိတ္တဇလူနာများအား ဝန်ထမ်းများက ဘုရားဖူးပို့ဆောင်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ယဉ်ယဉ်ထွန်း ဦးဆောင်၍ စိတ်ပိုင်းလူမှုရေးပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ထဲမှ အစီအစဉ်တစ်ခုအနေဖြင့် ဘုရားဖူးပို့ခြင်း၊ အပျော်ခရီးပို့ခြင်းများကို ဆောင်ရွက်ပေးရာအဆိုပါဆေးရုံကြီးမှ အနေကြာပိုင်ရှင်မဲ့ စိတ္တဇလူနာများအား ဝန်ထမ်းသူနာပြုများက စောင့်ကြပ်ထိန်းကွပ်၍ နိုဝင်ဘာ ၁၅ ရက်တွင် ဘုရားဖူးပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း အဆိုပါဆေးရုံကြီးမှ သိရသည်။

အဆိုပါ ဝေဒနာရှင်များကို စိတ်ကျန်းမာရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သောဆရာဝန်များ၊ သူနာပြုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း နည်းပြများ၊ အခြားဝန်ထမ်းများပါဝင်ပြီး လူမှုကူညီရေးအသင်း (သဃ်န်းကျွန်း)၏ လူအား၊ ငွေအား၊ စေတနာအား စသည့်ပံ့ပိုးကူညီမှုများဖြင့် ပို့ဆောင်လာခဲ့ကြသည်မှာ ယခုနှစ်တိုင် (၆) ကြိမ်မြောက်ရှိခဲ့ပြီးဖြစ်ကြောင်းနှင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ်စေတီ၊ ပဲခူးမြို့ရွှေမုဋ္ဌောစေတီ၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရားတို့ကို ဘုရားဖူးပို့ပေးနေကြောင်း၊ ရန်ကုန်တိရစ္ဆာန်ဉယျာဉ်၊ ပဲခူးရွှေပြည်အပန်းဖြေစခန်းတို့ကိုလည်း ပို့ဆောင်ပေးခဲ့ကြပြီးဖြစ်ကြောင်း ပို့ဆောင်ရေးတာဝန်ခံ ပါမောက္ခဒေါက်တာ ဆန်းလင်းထံမှ သိရသည်။

သို့ဖြစ်၍ နိုဝင်ဘာ ၁၅ ရက်တွင် အနေကြာ လူနာ ၁၂၀ ကို ပဲခူးမြို့ရွှေမုဋ္ဌောစေတီ၊ ရွှေသာလျောင်းဘုရားကြီးနှင့် ရွှေပြည်အပန်းဖြေစခန်းသို့ ပို့မည်ဖြစ်၍ ထိုဆေးရုံကြီးမှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်သောကြောင့် သတင်းစာနယ်ဇင်း၊ ရေဒီယို၊ ရုပ်သံ၊ အွန်လိုင်းမီဒီယာများမှ လိုက်ပါမည်ဆိုပါက နံနက် ၆ နာရီခွဲအရောက်လာရန် ဖိတ်ကြားထားကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# လှော်တော်ပြင်ပ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးအဖွဲ့ချုပ်ရုံး ဖွင့်

**ပန်းတောင်း နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၌ လွှတ်တော်ပြင်ပ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးအဖွဲ့ချုပ်ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လွှတ်တော်ပြင်ပအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးအဖွဲ့ချုပ် (ဗဟို) ဥက္ကဋ္ဌ ဦးစိုးမြင့်ဦးနှင့် မြို့နယ်ရုံးဥက္ကဋ္ဌ ဦးစိုင်းဝဏ္ဏမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ လွှတ်တော်ပြင်ပအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးအဖွဲ့ချုပ် (ဗဟို) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဗဟိုကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်း(ငြိမ်း)က အဖွဲ့ချုပ် ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး စည်းရုံးရေးမှူး ဆရာသုတေသီက အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန် ရှောင်ရန်များကိုလည်းကောင်း ပြောကြားပြီး မြို့နယ်ရုံးဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

# ရွှေဘို၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရွှေဘို နိုဝင်ဘာ ၁၂**

ရွှေဘိုခရိုင်အတွင်း မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ နိုဝင်ဘာလဒုတိယပတ်က ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ ၁၀၀ ကျော်ခန့် တက်ရောက်ကြပြီး မှုခင်းဖြစ်ပွားမှုအခြေအနေများကို မြို့နယ်အတွင်း အဖြစ်များသော မှုခင်းများအကြောင်း၊ မည်ကဲ့သို့တားဆီးကာကွယ်နိုင်ကြောင်း၊ ရဲအရေးပိုင်သည့် ပြစ်မှုဆိုင်ရာအတွေ့အကြုံတို့နှင့် လှည့်ကင်းများ ဆောင်ရွက်ပုံ၊ GPS စနစ် တပ်ဆင်ထားသည့်အတွက် ခိုးယူသွားသောဆိုင်ကယ်ကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိပုံ၊ သံသယရှိဖွယ် မသင်္ကာဖွယ်ရာများ တွေ့ရှိပါက ရဲစခန်းဖုန်း ၀၇၅-၂၁၀၀၆ သို့ အချိန်မီ ဆက်သွယ်ပူးပေါင်းပါဝင်ကြရန် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)**

# ကမ္ဘာ့ ဆီးချိုရောဂါနေ့

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ကမ္ဘာ့ဆီးချိုရောဂါနေ့ကို International Diabetes Federation (IDF) အပြည်ပြည်ဆိုင်ရာဆီးချိုရောဂါအသင်းကြီးနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး World Health Organization(WHO) တို့က လူသားတိုင်း ထိုရောဂါဆိုးကြီးကို သတိပြုကြဖို့၊ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြဖို့ သတိပေးနှိုးဆော်သည့်အနေဖြင့် ၁၉၉၁ခုနှစ်ကပင် စတင်သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၆ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ်နိုဝင်ဘာလ ၁၄ရက်နေ့ကိုကမ္ဘာ့ဆီးချိုရောဂါနေ့ဟုသတ်မှတ်ပေးခဲ့ပါသည်။ ထိုနေ့သည် ဆီးချိုရောဂါဆိုင်ရာအထူးအရေးပါသော အင်ဆူလင်ဟော်မုန်းကို စတင်တွေ့ရှိခဲ့သော Sir Frederick Banting ၏မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၂ခုနှစ်က Sir Frederick Banting သည် Charles Best နှင့်အတူ အင်ဆူလင်ဟော်မုန်းကိုတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဆီးချိုရောဂါနေ့အတွက် လှုံ့ဆော်မှုများတွင် အဆိုပါနေ့သည် ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၁၆၀ ကျော်ရှိ လူပေါင်းတစ်ဘီလီယံတို့ ပါဝင်ဆင်နွှဲသည့်နေ့လည်း ဖြစ်သည်။

နှစ်စဉ် ထိုနေ့ရောက်တိုင်း ဆီးချိုရောဂါနှင့်ဆိုင်သည့် အချက်အလက်များကို လူတိုင်းအား အသိပေးရန်နှင့် အမြဲမပြတ်ဆောင်ရွက်ကြရန်၊ ဆီးချိုရောဂါသည်လူသားတိုင်းအတွက်ကြီးမားသော ကျန်းမာရေးပြဿနာဖြစ်နေပြီး အားလုံးအသိနှင့်သတိရှိရှိ လက်တွဲဆောင်ရွက်ကြရန်တို့ကို ဦးတည်ဆောင်ရွက်ကြရန် လှုံ့ဆော်ခြင်းဖြစ်သည်။ အပြာရောင်စက်ဝိုင်းပုံကလေးသည် ကမ္ဘာလုံးဆိုင်ရာ ဆီးချိုရောဂါသတိပြုအထိမ်းအမှတ်ဖြစ်သည်။ နှစ်စဉ်ဆီးချိုရောဂါနေ့ကိုသင့်တော်ရာဆောင်ပုဒ်များဖြင့် ဆော်ဩဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက်ဆောင်ပုဒ်မှာ "Family and Diabetes" မိသားစုနှင့်ဆီးချိုရောဂါဖြစ်သည်။နှစ်နှစ်စာကာလစီသတ်မှတ်ပြီး ရောဂါနှင့်ပတ်သက်သည့် သိစရာဆောင်ရွက်စရာများကို ထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

ယခုနှစ်အတွက် အဓိကအသိပေးလိုသည်များမှာ ဆီးချိုရောဂါသည် မိသားစုတိုင်းအတွက် အထူးသတိပြုစရာရောဂါတစ်ခုဖြစ်နေသည်။ မိမိတို့ မိသားစုဝင်များစုပေါင်း ဆောင်ရွက်ရမည့်အရေးကိစ္စဖြစ်လာသည်။ရောဂါကုသမှု၊ စောင့်ရှောက်မှု၊ ထိန်းသိမ်းမှု၊ ကာကွယ်မှုနှင့်ကျန်းမာရေးအသိပညာတို့တွင် မိသားစုများအတွင်း ခေတ်နှင့်ညီသော အချက်အလက်များ




တိုးတက်ရရှိဆောင်ရွက်နိုင်စေရန်ဖြစ်သည်။ ယခုအခါ ကမ္ဘာတစ်ဝန်းလူပေါင်း ၄၂၅သန်းတို့ ဆီးချို ရောဂါခံစားနေကြရသည်။ ထိုသူတို့၏အများစုတို့သည် ဆီးချိုရောဂါအမှတ်(၂) ဖြစ်သည်။ ထိုရောဂါသည် အင်ဆူလင်ဟော်မုန်း မလုံလောက်မှု၊အစွမ်းကျမှုများကြောင့် ဖြစ်သည်။ ယင်းသည် ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုပုံစံ၊ ပတ်ဝန်းကျင်တို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။ ထိုအချက်တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် မိသားစုဝင်တိုင်းမှာ အဓိကတာဝန်ရှိနေသည်။

လက်ရှိကမ္ဘာ့လူသားနှစ်ဦးတွင် တစ်ဦးသည် မိမိမှာဆီးချိုရောဂါရှိမှန်းမသိဘဲ နေထိုင်နေရခြင်းဖြစ်သည်။ ရောဂါကို စောစီးစွာရှာဖွေဖော်ထုတ်သိရှိနိုင်ခြင်းနှင့် ကုသနိုင်ခြင်းတို့သည် ဆီးချိုရောဂါကို ကုသခြင်း၊ နောက်ဆက်တွဲကျန်းမာရေးပြဿနာများစွာတို့ကို ကာကွယ်တားဆီးနိုင်ပြီး ကျန်းမာပျော်ရွှင်ဖွယ်ဘဝအခြေအနေများကို ဖန်တီးနိုင်သည့် အရေးပါသည့်အချက်ဖြစ်သည်။မိသားစုတစ်ခုတွင် ဆီးချိုရောဂါရှင်တစ်ဦးရှိနေခြင်းသည် မိသားစုတစ်ခုလုံးအတွက် ဝန်ထုပ်ဝန်ပိုး



ဖြစ်နေသည်မှာ အမှန်ဖြစ်သည်။ မိသားစုအတွင်း ရောဂါဖြစ်ပွားသူများလာလေ မလိုလားအပ်မှုများစွာကြုံတွေ့လာရစေလည်းဖြစ်သည်။ထို့ကြောင့် မိသားစုဝင်တိုင်းက ဆီးချိုရောဂါနှင့်သက်ဆိုင်သည့် အချက်အလက်များကို နားလည်၊ သိရှိ၊ လက်တွေ့ဆောင်ရွက်နိုင်လေ၊ ထိရောက်သောကုသ၊ ကာကွယ်စောင့်ရှောက်မှုများရရှိနိုင်လေ ဖြစ်သည်။

ဆီးချိုရောဂါကို ကုသစောင့်ရှောက်ရာတွင် လူနာအတွက်ရော မိသားစုအတွက်ပါ ငွေကုန်ကြေးကျ အလွန်များလှသည်။ နိုင်ငံအများစုတို့တွင် နံနက်စောစော အင်ဆူလင် ထိုးဆေးထိုးမှုနှင့် နေ့စဉ်ထိန်းသိမ်းရမှုစရိတ်သည် မိသားစုနေ့စဉ်အသုံးစရိတ်၏ ထက်ဝက်မျှ ရှိနေတတ်သည်။ ရောဂါအတွက်မရှိမဖြစ်သော ဆေးဝါးများကို အမြဲမပြတ် မှီဝဲသုံးဆောင်နိုင်ရန်မှာလည်း အများစုအတွက် လက်လှမ်းမမီဘဲရှိနေသည်။ ထိုသို့မိသားစုနှင့်အထူးသက်ဆိုင်သော အချက်များကို ဖြေရှင်းကူညီဆောင်ရွက်ပေးနိုင်ပါက အလွန်အကျိုးထူးပေလိမ့်မည်။

မိသားစုဝင် လေးဦးမှာ တစ်ဦးသည် ဆီးချိုရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးမှု အစီအစဉ်များနှင့်အလှမ်းဝေးနေပါသည်။ မိသားစုဝင်များ ရောဂါအကြောင်းပိုသိပိုနားလည်လေ အောင်မြင်မှုရလေဆိုသည်ကို အထူးဆိုဖွယ်မရှိပါ။

နိုဝင်ဘာလ ၁၄ ရက်နေ့သည် ကမ္ဘာ့ဆီးချိုရောဂါနေ့ဖြစ်ပြီး နိုဝင်ဘာလတစ်လလုံးသည် ၂၀၁၈-၂၀၁၉ခုနှစ်အတွက် ဆီးချိုရောဂါ အထူးပြုဆောင်ရွက်ဖွယ်ကာလဖြစ်သည်။ ဆီးချို ရောဂါဆိုင်ရာကျန်းမာရေးအသိပညာပေးခြင်းများ နှိုးဆော်မှုများ၊ လူထုအားဖြင့်လှုပ်ရှားဆောင်ရွက်မှုများ စသည်တို့ကို ဒေသအလိုက်အစိုးရများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များသာမက လူတိုင်းလူတိုင်း အရွယ်မရွေး စိတ်ပါဝင်စားစွာပါဝင်ဆောင်ရွက်ကြရန်ဖြစ်သည်။

**ဆီးချိုရောဂါ**

ဆီးချိုရောဂါ(Diabetes Mellitus)ဆိုသည်မှာ ဇီဝဖောက်ပြန်မှုအကြောင်းများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး သွေးလည်ပတ်မှုထဲတွင် အချိုဓာတ် (သကြားဓာတ်များ) မြင့်မားစွာနှင့် ကာလတာရှည်စွာရှိနေခြင်းကြောင့် ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးစေခြင်းဖြစ်သည်။ ရောဂါဖြစ်ပွားစတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြတတ်သော်လည်း နောက်ပိုင်းတွင် ဆီးမကြာခဏသွားခြင်း၊ ရေငတ်ခြင်း၊ မကြာခဏဆာလောင် လာတတ်ခြင်းတို့ ဖြစ်လာတတ်ပါသည်။ ထိရောက်သေချာစွာ မကုသပါက ပြင်းထန်သောနောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်လာနိုင်ပါသည်။ ရေရှည်အားဖြင့် နှလုံးနှင့်သွေးကြောဆိုင်ရာ ထိခိုက်ပျက်စီးမှုများ၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ထိခိုက် ပျက်စီးမှုများ၊ မျက်စိထိခိုက်ပျက်စီးမှုများ၊ ခြေထောက်တွင်အနာဖြစ်ခြင်းများ စသည့် နောက်ဆက်တွဲပြဿနာများအပြင် အချိုဓာတ်များမှုကြောင့်၊diabetic ketoacidosis,hypero smolar hyperglyce- mic state စသည့်အခြေအနေဆိုးများ ဖြစ်ပွားကာ အသက်ဆုံးသည်အထိ ဖြစ်ပွားစေနိုင်ပါသည်။ ရောဂါဖြစ်ပွားရခြင်းမှာ သကြားဓာတ်များကို ဆဲလ်များက အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရသော အင်ဆူလင်ခေါ် ဟော်မုန်းကို ပန်ကရိယခေါ် သကြားအိတ်က မထုတ်ပေးနိုင်ခြင်း(သို့မဟုတ်)ဆဲလ်များက အင်ဆူလင်ကို မတုံ့ပြန်ခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအခါ ဖော်ပြသကဲ့သို့ သွေးလှည့်ပတ်မှုထဲတွင် သကြားဓာတ်များ ရောက်ရှိနေခြင်းဖြစ်သည်။ ဆီးချိုရောဂါကို သုံးမျိုးခွဲခြားနိုင်သည်။

Type 1 Diabetes Mellitus - ယင်းမှာ အင်ဆူလင်ဓာတ်ထုတ်ပေးရသည့် ပန်ကရိယရှိဘီတာဆဲလ်များ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းတို့ကြောင့် ဖြစ်သည်။ ယင်းကို "Insulin – dependent diabetes mellitus(IDDM)သို့မဟုတ် Juvenile diabetes ဟုလည်းခေါ်ပါသည်။ ဖြစ်ပွားရခြင်းအကြောင်းရင်း တိကျစွာမသိရသေးပါ။ ကလေးများတွင် ဖြစ်ပွားလေ့ရှိသည်။ သို့သော် အရွယ်မရွေးလည်းဖြစ်တတ်သည်။

Type 2 Diabetes Mellitus-Insulin Resistance ခေါ် အင်ဆူလင်ဓာတ်ကို ကိုယ်တွင်းဆဲလ်များက မတုံ့ပြန်မှု ကြောင့်ဖြစ်သည်။ ထုတ်သည့်ဟော်မုန်းဓာတ်သည် ထိရောက်စွာ အသုံးမကျဖြစ်နေခြင်းကြောင့်ဟုလည်း ခေါ်နိုင်သည်။တာရှည်ပါက အင်ဆူလင်ဓာတ်ဆုံးရှုံးမှုအထိ ဖြစ်သွားနိုင်သည်။ ယင်းကို Non Insulin dependent diabetes mellitus(NIDDM) သို့မဟုတ် Adult-onset diabetes ဟုလည်းခေါ်သည်။ အရွယ်ရောက်ပြီးသူများတွင် အဖြစ်များသည်။ ဖြစ်ပွားရခြင်းအကြောင်းရင်းများတွင် ခန္ဓာကိုယ်အလေးချိန် လွန်ကဲခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုချို့ယွင်းခြင်း စသည့်အချက်များ ပါဝင်သည်။ မိသားစုရာဇဝင်တွင် ဖြစ်ပွားဖူးပါက ပိုမိုဖြစ်တတ်သည်ကို တွေ့ရသည်။ (First degree relative ခေါ် မိဘဖြစ်လျှင် သားသမီးဖြစ်နိုင်ခြေများသည်)။

Gestational diabetes - ယင်းသည် ကိုယ်ဝန်ဆောင်ချိန်ဖြစ်ပွားသည့် ဆီးချိုရောဂါအမျိုးအစားဖြစ်ပြီး ကိုယ်ဝန်မဆောင်မီက ဆီးချိုရောဂါမဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အခြားအခြေအနေများ - မျိုးရိုးလိုက်ရောဂါအချို့၊ ပန်ကရိယတွင်ဖြစ်ပွားသော ရောဂါအချို့၊ အချို့သောဆေးဝါးများကြောင့်၊ အချို့သော ဟော်မုန်းဆိုင်ရာရောဂါအချို့ကြောင့် စသည်ဖြင့်လည်း ဖြစ်ပွားတတ်သည်။ Non-communicable diseases ခေါ် ကူးစက်ရောဂါကြောင့်မဟုတ်ဘဲ လူအများစုဖြစ်ပွားနေသည့် သွေးတိုး၊ နှလုံးရောဂါများ၊ ကင်ဆာရောဂါများ အစရှိသည်တို့မှာ ဆီးချိုရောဂါသည် အဖြစ်အများဆုံးဖြစ်ပြီး နိုင်ငံတိုင်းအတွက် ဆေးကုသမှု၊ ထိန်းသိမ်းနေရမှုတို့မှာ ဝန်ထုပ်ဝန်ပိုးအဖြစ်ဆုံး ရောဂါတစ်ခုအဖြစ်လည်း တွေ့ရပါသည်။

၂၀၁၅ ခုနှစ်လေ့လာမှုများအရ တစ်ကမ္ဘာလုံးလူပေါင်း ၄၁၅သန်းမျှ ဆီးချိုရောဂါဖြစ်ပွားနေပြီး အရွယ်ရလာမှဖြစ်လေ့ရှိသည့်အမှတ် (၂) ဆီးချိုရောဂါဖြစ်သူပေါင်း ၉၀ရာခိုင်နှုန်းမျှရှိသည်။ ယင်းသည် ကမ္ဘာတစ်လွှားအရွယ်ရောက်ပြီးသူပေါင်း Adults တို့၏ ၈ ဒသမ ၃ ရာခိုင်နှုန်းမျှရှိသည်။ယခုအခါ အမျိုးသားများသာမက အမျိုးသမီးများမှာပါ ဖြစ်ပွားနေသည်။ ဆီးချိုရောဂါဖြစ်ပွားပြီဆိုလျှင် လုံးဝပျောက်ကင်းနိုင်ခွင့်မရှိတော့ဘဲ သေချာစွာမထိန်းသိမ်းနိုင်ပါက မိမိကိုယ်ကိုယ်အချိန်မတိုင်မီသေဆုံးစေမည့် ရောဂါတစ်ခုဖြစ်နေပြီဆိုသည်ကို သိထားရမည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆီးချိုရောဂါကြောင့် လူပေါင်း ၁ ဒသမ ၅သန်းမှ ၅သန်းမျှ သေဆုံးခဲ့ရသည်။ ၂၀၁၄ခုနှစ်အတွင်း တစ်ကမ္ဘာလုံး ဆေးကုသစရိတ်ဒေါ်လာပေါင်း ၁၂ ဘီလီယံ၊ အမေရိကန်နိုင်ငံတစ်ခုတည်းမှာပင်ဒေါ်လာ ၂၄၅သန်းမျှ ကုန်ကျခဲ့သည်ကို တွေ့ရသည်။

**ဆီးချိုရောဂါ၏လက္ခဏာများ**

များသောအားဖြင့် မည်သည့်လက္ခဏာမှ မပြတတ်ကြပါ။ စစ်ဆေးကြည့်မှ တွေ့ရတတ်ခြင်း၊ ရောဂါဖြစ်ပြီး နှစ်အတော်ကြာမှ ထူးခြားမှုတစ်ခုခုပြတတ်ခြင်းတို့တွေ့ရလေ့ရှိသည်။အမှတ်(၁)ရောဂါမှာ ဆီးမကြာခဏသွားခြင်း၊ ရေငတ်ခြင်း၊ ကိုယ်အလေးချိန်ကျသွားခြင်း၊ မောပန်းလွယ်ခြင်းစသည်တို့ ဖြစ်တတ်သည်။ အမှတ် (၂) မှာ ထိုသို့သော အခြေအနေမျိုးတို့ကိုနောက်ပိုင်းမှာမှ တွေ့ရလေ့ရှိသည်။ ဆီးချိုရောဂါမှာ သွေးအချိုဓာတ်တက်နေမှုသည်၊ ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးမည့်အရေးကြီးအချက်ဖြစ်သည်။ယင်းကိုအချိန်မီ မထိန်းနိုင်လျှင် အောက်ပါနောက်ဆက်တွဲဆိုးကျိုးများနှင့် ရင်ဆိုင်ရမှာမလွဲဖြစ်ပါသည်။

Diabetic retinopathy - ဆီးချိုကြောင့် မျက်စိထိခိုက်ပျက်စီးရမှုသည် မျက်စိကွယ်ရခြင်း၊အမြင်အာရုံထိခိုက်ရခြင်းများ၏ အဓိကအချက်ဖြစ်လာနေသည်။ မျက်စိမှာရှိသော သွေးကြောငယ်လေးများ ပျက်စီးသွားကာ အမြင်အာရုံဆုံးရှုံးသွားနိုင်သည်။ ဆီးချိုရောဂါဖြစ်ပွားပြီး ၁၅ နှစ်ကြာသည်နှင့် ရောဂါရှင်များ၏၂ ရာခိုင်နှုန်းတို့ မျက်စိကွယ်ကြရလေ့ရှိပြီး ၁၀ ရာခိုင်နှုန်းမှာ အမြင်အာရုံထိခိုက်ကြရလေ့ရှိကြောင်းတွေ့ရသည်။ရေတိမ်နှင့်အတွင်းတိမ်လည်း ဖြစ်လွယ်ကြောင်းသိရသည်။

Diabetic nephropathy ဆီးချိုကြောင့် ကျောက်ကပ်ပျက်စီးရမှုကလည်း သတိပြုစရာဖြစ်သည်။ Renal failure ခေါ်ကျောက်ကပ်လုပ်ငန်းများ သုံးမရလောက်အောင်ဆုံးရှုံးသွားသည်အထိ ဖြစ်တတ်သည်။ ဆီးချိုနှင့်အတူ သွေးတိုးရောဂါ အတူတွဲဖြစ်လျှင် ကျောက်ကပ်ထိခိုက်မှု ပိုမိုများပြားစေသည်မို့ အထူးသတိပြုသင့်သည်။

Diabetic Cardiovascular Complications. ဆီးချိုကြောင့်၊ နှလုံးနှင့်သွေးကြောများထိခိုက်ပျက်စီးရမှုက၊ ရောဂါရှင်များသေဆုံးရမှုများ၏ ၅၀ရာခိုင်နှုန်းမျှ ရှိနေတတ်ကြောင်း သိရသည်။ ဆေးလိပ်သောက်မည်၊ သွေးတွင်းအဆီဓာတ်လည်းများနေမည်၊ သွေးတိုးလည်းဖြစ်နေမည်၊ ကိုယ်အလေးချိန်ကလည်းတိုးနေမည်ဆိုလျှင် နှလုံးထိခိုက်စေဖို့ အခြေအနေဆိုးများ ပိုနေတတ်သည်။

Diabetic neuropathy အာရုံကြောစနစ်များထိခိုက်ပျက်စီးရမှုသည် အတွေ့ရများသောအချက်ဖြစ်သည်။ ထုံကျင်၊ နာကျင်မှုများနှင့်အတူ လေဖြတ်ခြင်းလည်းအဖြစ်များလှသည်။ အမျိုးသားများမှာ လိင်အင်္ဂါမသန်စွမ်းဖြစ်စေသည့် အဓိကအချက်လည်းဖြစ်သည်။

Diabetic Foot Ulcers ဆီးချိုကြောင့်၊ ခြေထောက်များထိခိုက်ပျက်စီးတတ်ခြင်းကို လူအများသတိမပြုတတ်ကြပါ။ ခြေထောက်များ၏သွေးကြောများ၊ အာရုံကြောများ ပိတ်ဆို့ခြင်း၊ ပျက်စီးခြင်းတို့ ဖြစ်လွယ်သည်။ ခြေချောင်းလေးများကြားမှာ အနာဖြစ်ခြင်း၊ သွေးကြောပိတ်ခြင်းများဖြစ်တတ်ပြီး ကောင်းစွာမကာကွယ်၊ မကုသနိုင်လျှင် ခြေချောင်း ခြေထောက်ဆုံးရှုံးခြင်းများအထိ ဖြစ်နိုင်သည်။ခြေထောက်များ၏သန့်ရှင်းမှု၊ ဂရုမပြုသူများ၊ ဖိနပ်စီးလေ့မရှိသူများမှာလည်း ဖြစ်ပွားလေ့ရှိသည်။

**ဆီးချိုရောဂါစစ်ဆေးခြင်း**

ကိုယ်အလေးချိန် ရှိသင့်သည်ထက်များနေသူများ-(BMI> 25KM/m2)၊ ကိုယ်လက်လှုပ်ရှားမှုမရှိသူများ၊ ဆီးချို လက္ခဏာနှင့် နီးစပ်သောလက္ခဏာရှိသူများ၊ ကိုယ်ဝန်ဆောင် ဆီးချိုဖြစ်ဖူးသူများ၊ သွေးတိုးရောဂါဖြစ်နေသူများ၊ သွေးအတွင်း အဆီဓာတ်မြင့်တက်နေသူများ၊ Polycystic ovarian syndrome ခေါ် သားဥအိမ်ရေအိတ်တည်ခြင်းဖြစ်ပွားသည့်အမျိုးသမီးများ၊ နှလုံးနှင့်သွေးကြောရောဂါဖြစ်သူများ အသက် ၄၅ နှစ်အထက်ရှိသည့်လူနာများ၊ ကိုယ်ဝန်ဆောင်သူများ စသည်တို့သည် မဖြစ်မနေ စစ်ဆေးသင့်သည်။

*စာမျက်နှာ ၂၁ သို့*

**"ရောဂါဖြစ်ပွားရခြင်းမှာ သကြားဓာတ်များကို ဆဲလ်များက အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရသော အင်ဆူလင်ခေါ် ဟော်မုန်းကို ပန်ကရိယခေါ် သကြားအိတ်က မထုတ်ပေးနိုင်ခြင်း(သို့မဟုတ်)ဆဲလ်များက အင်ဆူလင်ကို မတုံ့ပြန်ခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအခါ ဖော်ပြသကဲ့သို့ သွေးလှည့်ပတ်မှုထဲတွင် သကြားဓာတ်များ ရောက်ရှိနေခြင်းဖြစ်သည်"**

*စာမျက်နှာ ၂၀ မှ*

**မည်သည်တို့ကိုစစ်ဆေးသင့်ပါသလဲ၊**

HbA1C ခေါ် သွေးစစ်ဆေးခြင်းကို လေးလကြာတိုင်း စစ်ဆေးပါ။

ဆီးစစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း(serum cratenine, GFR စသည်များ)၊ သွေးတွင်းအဆီဓာတ်စစ်ဆေးခြင်း (Fasting Lipid Profile), Liver function test, ECG, USG Abdomen စသည်များ၊ Fasting Plasma Glucose အစာမစားမီသွေးတွင်း အချိုဓာတ်သည် <100 mg or 126 mg/dl ရှိပါက ဆီးချိုမရှိပါ၊A1C>5.7-6.4 ၊ဖြစ်ပါက pre-diabetes ဆီးချိုအကြို ကာလဖြစ်နေသည်။ A1C>6.5% သွေးတွင်းအချိုဓာတ်သည် >126mg/dl ဖြစ်နေပါက ဆီးချိုဖြစ်နေပြီဟု ဆိုနိုင်ပါသည်။

**ကုသခြင်း**

သွေးချိုမတက်စေသောအစားအစာများဖြင့်ကုသခြင်း ကိုယ်လက်ရှားမှုများဖြင့် အချိုဓာတ်မတက်စေခြင်းတို့သည် ဆေးဝါးမပါပဲ ကုသခြင်းများဖြစ်ပြီး ထိုနည်းနှင့်မရမှ ဆေးဝါးများဖြင့် ကုသခြင်းကို ရွေးချယ်လေ့ရှိပါသည်။

ရောဂါဖြစ်ပွားသူများ၏ ၄၀ရာခိုင်နှုန်းတို့သည် ဆေးဝါးများဖြင့်ကုသမှုခံယူရန် လိုအပ်လေ့ရှိကြပြီး အချို့သော ၄၀ ရာခိုင်နှုန်းတို့က အင်ဆူလင်ထိုးဆေးသုံးရန် လိုအပ်လေ့ရှိကြပါသည်။ အမှတ် (၁) ရောဂါသည် အင်ဆူလင်မှီခိုသဖြင့် အင်ဆူလင်ဟော်မုန်း နေ့စဉ်ထိုးပေးရပါသည်။ ဖော်ပြပါ စစ်ဆေးမှုများအလိုက် ဆရာဝန်ညွှန်ကြားသည့်အတိုင်း လိုက်နာရန်လိုအပ်ပါသည်။ နာတာရှည်ရောဂါဖြစ်သည့် အတွက် မိမိကိုယ်တိုင်က ရောဂါအကြောင်းကုသမှုများ အကြောင်းများကို ကောင်းစွာလေ့လာသိမှတ်ထားဖို့ အရေးကြီးပါသည်။ ရွေးချယ်နိုင်ခွင့်ပေးနိုင်သည့် ဆေးများ Sulphonylureas-Glibenclamide,Gliclazide,Glimepride,Glipizide စသည်များ၊ Biguanides-Metformin Hydrocloride၊ အခြားဆေးများဖြစ်သည့် Acarbose,pioglitazone,Sitagliptin စသည့်ဆေးများဖြစ်ပြီး ဆရာဝန်ညွှန်ကြားသည့်အတိုင်းလိုက်နာဖို့အရေးကြီးပါသည်။

ဆီးချိုရောဂါအတွက် အစာ စားသောက်ခြင်းသည် အလွန်အရေးကြီးပါသည်။Low Glycemic Index ခေါ်စားပြီးသည်နှင့်အစာလမ်းကြောင်းက အမြန်စုပ်ယူပြီး သွေးအတွင်းအချိုဓာတ်မတက်စေသော ပဲအမျိုးမျိုး၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ ဘာလီသီးကဲ့သို့သစ်သီးများ၊ ခေါက်ဆွဲ၊ နို့၊ ဒိန်ချဉ်ကဲ့သို့သောအစားအစာတို့ကို ရွေးချယ်သင့်ပါသည်။ အစာကိုသင့်သလောက် မကြာခဏစားပေးနိုင်ပါသည်။ ကိတ်မုန့်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ ရေခဲမုန့်ကဲ့သို့ အစာမျိုးများ၊ ဖရဲသီး၊ ခရမ်းချဉ်သီးကဲ့သို့အသီးမျိုးများက စားပြီးသည်နှင့် အချိုဓာတ် တက်နေတတ်ပါသည်။ ထမင်းချက်လျှင်ရေငွဲ့ချက်ပြီး သင့်တင့်စွာသာ စားသုံးသင့်သည်။ ပြည့်ဝအဆီများဖြစ်သည့် တိရစ္ဆာန်အဆီ၊ မလိုင်၊ အဆီအညှံမျိုးတို့ကို ရှောင်ရပါမည်။အမျှင်ဓာတ်ကြွယ်ဝသော အစာမျိုးတို့ကို စားသုံးသင့်ပါသည်။ ပရိုတင်းခေါ် အသားဓာတ်အတွက်ပဲများ၊ အဆီနည်းသောအသား၊ ငါးနှင့် နို့ထွက်အဆီနည်းစားစရာမျိုးကိုရွေးချယ်နိုင်ပါသည်။ ပရိုတင်းဓာတ်ကိုနေ့စဉ် စွမ်းအင်ကယ်လိုရီအတွက် ၁၀ မှ ၂၀ရာခိုင်နှုန်းခန့်ရှိနေသင့်သည်။ဆီးချိုအတွက် ခရိုမီယမ်ခေါ် သတ္တုဓာတ်လိုအပ်ရာ ပဲအမျိုးမျိုး၊ အစေ့အဆန်များ၊ မှို စသည်တို့မှာ ခရိုမီယမ် ပါဝင်ပါသည်။

စိတ်အေးချမ်းမှုရှိနေအောင် "ယောနိသောမနိကာရ" သင့်တင့်သော နှလုံးသွင်းစိတ်ထားတတ်ခြင်း၊ မေတ္တာပွား၊ မေတ္တာထားတတ်ခြင်း၊ တရားထိုင်ခြင်း၊ ဘာသာရေးလိုက်စားခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်းသည် ကောင်းမြတ်သော စိတ်နေစိတ်ထားများထားတတ်၊ ဆောင်ရွက်တတ်အောင် လူတိုင်းကြိုးစားသင့်ပါသည်။

ဆီးချိုရောဂါ ကုသကာကွယ်ရေးအတွက်အရေးကြီးသော အချက်မှာ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးတို့သည် ပုံမှန် အလုပ်လုပ်နေစေလျှင် လေ့ကျင့်မှုကို ကျင့်သားရနေသည်။ နေ့တိုင်းအားစိုက်ပြီး မှန်မှန်လေ့ကျင့်နေနိုင်မည်ဆိုလျှင် ကျန်းမာနေမည်ဖြစ်သည်။ ဘက်စုံတိုးတက်ဖွံ့ဖြိုးပြီး အိုမင်းခြင်းကိုလည်း နှေးကွေးစေမည် အသုံးမပြု ပျင်းရိနေပါက၊ ရောဂါမျိုးစုံကို ဖိတ်ခေါ်နေသလိုဖြစ်မည်၊ လျင်မြန်စွာအိုမင်းနေချေမည် ဖြစ်သည်။

ဟစ်ပိုကရေးတီးစ်-ဆေးပညာဖခင်ကြီး(၄၆၀-၃၇၀ ဘီစီ)။

ဆီးချိုရောဂါ ကြိုတင်ကာကွယ်မှုမှာသာမက ကုသရေးမှာပါ ကိုယ်အလေးချိန်လျှော့ချခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု မှန်မှန်လုပ်ခြင်းတို့သည် ဆေးဝါးများနှင့်ကုသခြင်းထက် ပိုမိုထိရောက်ကြောင်း လေ့လာမှုများအရ တွေ့ရှိရသည်။ခေတ်အဆက်ဆက်က ဆေးဝါးနှင့်အစားအစာကိုသာ အားကိုးခဲ့ကြရာက ကိုယ်လက်လှုပ်ရှားမှု ပိုမိုပြုခြင်းကိုပါ ပူးတွဲဆောင်ရွက်နိုင်လေ သွေးအချိုဓာတ်ကို ကောင်းစွာထိန်းချုပ်နိုင်လေဖြစ်သည်ကို လက်တွေ့ တွေ့ရှိလက်ခံကျင့်သုံးလာကြပြီဖြစ်သည်။ ဆီးချိုရောဂါဖြစ်နိုင်ခြေရှိသူများကိုလည်း သေချာစွာကြီးကြပ်ဆောင်ရွက်သည့်ဘဝနေထိုင်မှုပုံစံဖြင့်နေထိုင်စေပါက ဆီးချိုရောဂါဖြစ်စဉ်ကို ဖြတ်တောက်တားဆီးနိုင်ခြင်း(Intensive life Style Intervention -ILS) ကို ရရှိနိုင်ပါကြောင်း သိရသည်။ကိုယ်လက်လေ့ကျင့်မှုလုပ်နိုင်လေ၊ ကိုယ်အလေးချိန်ကျလေ၊ ကိုယ်အလေးချိန် တစ်ကီလိုဂရမ်ကျသွားတိုင်း ဆီးချိုရောဂါဖြစ်ခြေ ၁၆ ရာခိုင်နှုန်း လျော့သွားနိုင်လေဖြစ်ကြောင်း ဆီးချို နောက်ဆက်တွဲအန္တရာယ်များပါ လျော့သွားနိုင်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်က American Diabetes Association (ADA) ၏ ထုတ်ပြန်ချက်အရ ဆီးချိုရောဂါရှင်များအနေဖြင့် တစ်ပတ်လျှင် အနည်းဆုံးမိနစ်ပေါင်း ၁၅၀ နှုန်းဖြင့် လုပ်ကြဖို့ တိုက်တွန်းထားပါသည်။

ပြင်းထန်မှုအသင့်တင့်လေ့ကျင့်ခန်းအဆင့်(အေရိုးဗစ်ကိုယ်လက်လှုပ်ရှားမှု)ကို သွေးခုန်နှုန်းအမြင့်မားဆုံး၏ ၅၀ မှ ၇၀ရာခိုင်နှုန်းအထိရောက်အောင် လုပ်ရန်အကြံပြုထားပါသည်။ အမေရိကန်နိုင်ငံ Life style Center for America's-LCA မှာဆီးချိုရောဂါအတွက် အထူးသီးသန့် စီစဉ်ထားမှုကို တွေ့ရပါသည်။ ခန္ဓာကိုယ်အလေးချိန်လျှော့ချရေး၊ အင်ဆူလင်ဟော်မုန်းအာနိသင် ပိုမိုထိရောက်ရေး၊ သွေးတွင်းအချိုဓာတ်ထိန်းချုပ်ရေးတို့အတွက် ထိရောက်စွာဆောင်ရွက်နိုင်သည့် နည်းများဖြစ်ပါသည်။ ယင်းတွင် အောက်ပါအချက်များပါရှိပါသည်။

-သက်သက်သာသာလမ်းလျှောက်ခြင်း

-ခန္ဓာကိုယ်ပျော့ပျောင်းစေသည့် အကြောလျှော့ လေ့ကျင့်ခြင်း

-နှလုံးသွေးကြောအဖွဲ့ ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်နှုန်း အတင်အချလေ့ကျင့်ခြင်း(Intermittent training IT)အတော်အသင့်အားစိုက်လုပ်လိုက်၊ စက္ကန့်အနည်းငယ်နားလိုက်၊ ပြန်လုပ်လိုက်လေ့ကျင့်မှုမျိုးတို့ ဖြစ်ပါသည်။

လူနာလုပ်နိုင်ပါက ဆီးချိုရောဂါ အမှတ်(၂) အတွက် တစ်ပတ်လျှင် သုံးကြိမ်ခန့် အင်အားသုံး၊ ခုခံအားသုံး လေ့ကျင့်ခန်း Resistance Exercise ပြုလုပ်ရန်တို့ဖြစ်ပါသည်။လေရှူလမ်းလျှောက်၊ ရေပိုသောက်၊ အဆီသကြား ဆားလျှော့စား၊ မေတ္တာစိတ်ကိုပွားဆိုသည့် စကားလက်ဆောင်လေးကလည်း ဆီးချိုရောဂါအတွက်သာမက လူတိုင်းသက်ရှည်ကျန်းမာပြီး လူ့အဖိုးတန်များဖြစ်ဖို့ အကူအညီပေးမည့် နည်းလမ်းကောင်းများဖြစ်ပါသည်။

ဆီးချိုရောဂါဘေးမှ လူတိုင်းကင်းဝေးပြီး ကျန်းမာချမ်းသာစွာနှင့် ဘဝ၏အချိန်များစွာကို ဖြတ်ကျော်နိုင်ကြဖို့ ကြိုးစားသင့်ကြပါသည် မိသားစုတိုင်း၏ အခန်းကဏ္ဍသည်၊ ဆီးချိုရောဂါကုသကာကွယ်စောင့်ရှောက်ရေးအတွက် အထူးအရေးပါလှကြောင်းနှင့် ပါဝင်ဆောင်ရွက်သင့်ပါကြောင်း ၂၀၁၈ခုနှစ် ကမ္ဘာ့ဆီးချိုရောဂါနေ့ကို ကြိုဆိုရေးသားလိုက်ရပေသည်။ ။

**ကျမ်းကိုး- Therapeutic Manual Internal Medicine (First Edition 2016),Myanmar Pharmaceutical Index MMA & MPMEEA, WHO Media Center, ဆီးချိုရောဂါတိုက်ဖျက်ရေးလေ့ကျင့်ခန်း H&F Dr.(Mdy). International Diabetes Federation's Diabetes Day.**

## စားသုံးရန်မသင့်သောအစားအသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကိုဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးပြီး စားသုံးရန်မသင့်ကြောင်းတွေ့ရှိပါက အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။



Miki-ko အမှတ်တံဆိပ်တရုတ်ဆီးသီးကို (၁၈-၁-၂၀၁၅) ရက်စွဲပါ ကြေးမုံသတင်းစာတွင် လည်းကောင်း၊ Miki-ko အမှတ်တံဆိပ် ချယ်ရီသီးကို (၂၁-၆-၂၀၁၇) ရက်စွဲပါ မြန်မာ့အလင်း သတင်းစာတွင် လည်းကောင်း ခွင့်မပြု ဆိုးဆေး (Rhodamine B) ပါဝင်၍ စားသုံးရန် မသင့်ကြောင်း ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ကြေညာခဲ့ပါသည်။ သို့ရာတွင် အဆိုပါ Miki-ko အမှတ်တံဆိပ် စားသောက်ကုန်များကို ဈေးကွက်အတွင်း အများအပြား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တွေ့ရှိနေရပါသည်။ အဆိုပါ စားသောက်ကုန်များ၏ အမှတ်တံဆိပ်ပေါ်တွင် Miki-ko စာသားမှလွဲ၍ ကျန်စာသားများမှာ ထိုင်းဘာသာဖြင့်သာ ရေးသားထားပါသည်။

သို့ဖြစ်ပါ၍ Miki-ko အမှတ်တံဆိပ်ပါ စားသောက်ကုန်အပါအဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ထုတ်ပြန်ကြေညာထားသော အစားအသောက်များအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က) အရတရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




**Miki-ko အမှတ်တံဆိပ် တရုတ်ဆီးသီး**




**Miki-ko အမှတ်တံဆိပ် ချယ်ရီသီး**

## စာတိုက်လုပ်ငန်းများအပြင် အွန်လိုင်းမှ ရောင်းဝယ်ရေးဝန်ဆောင်မှုများကိုပါ ဆောင်ရွက်နိုင်ရေးဆွေးနွေး

**ပဲခူး နိုဝင်ဘာ ၁၃**

ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် စာတိုက်လုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက်က နေပြည်တော်၌ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး (အရှေ့) စာတိုက် မန်နေဂျာ ဒေါ်တင်တင်မြက နေပြည်တော်၌ ကျင်းပခဲ့သော သတ္တမအကြိမ်မြောက် စာတိုက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှ ညွှန်ကြားချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တက်ရောက်လာသော စာတိုက်မှူးများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတိုက်လုပ်ငန်းသည် ယခင်ကဲ့သို့ စာပို့ခြင်း၊ ဖြန့်ဝေခြင်းများလောက်သာ မဟုတ်တော့ဘဲ ကိုယ်တိုင်ရပ်တည်ရခြင်းဖြစ်သောကြောင့် အခြား online shopping များ ဖုန်း E-top up ပြောင်းသော အလုပ်များကိုပါ ကြိုးစားဆောင်ရွက်ရန်၊ ပြည်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် မိမိတို့၏ ကုန်ပစ္စည်းများ online အသုံးပြု၍ ရောင်းဝယ်လိုပါက မြန်မာ့စာတိုက်မှ လိုင်စင်များဆောင်ရွက် ပေးနေပြီဖြစ်ကြောင်း ပဲခူးမြို့ စာတိုက် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သန္တာအေးမောင်က ပြောသည်။ အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး(အရှေ့)မှ စာတိုက်မှူး ၅၂ ဦးခန့်တက်ရောက်ပြီး ok ငွေပေး/ငွေယူ ဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူများက ok online နည်းစနစ်များဖြင့် ဆောင်ရွက်မှုကို သင်ကြားပြသပေးကြောင်း သိရသည်။ **ဟိန်းထက်(ပြန်/ဆက်)**

## ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရေး ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများကို စာဖတ်ရှိန် မြင့်မားစေရေး၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရေးနှင့် အသိပညာဗဟုသုတများ တိုးပွားစေရေးရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲကို ယမန်နေ့က မြို့နယ် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဗိုလ်ရန်ပြေရပ်ကွက်ရှိ အမက(၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦး နှင့် ပြင်ပကလေးလေးဦး စုစုပေါင်း ၃၉ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆေးရောင်ခြယ်အလှဆုံးဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## စာကြည့်တိုက်များဖောင်ဒေးရှင်းအလုပ်အမှုဆောင် စည်းဝေး

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း အလုပ်အမှုဆောင် အစည်းအဝေးကို နိုဝင်ဘာ ၁၂ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၉လမ်း၊ ၂၇လမ်းထောင့်ရှိ မြတ်မန္တလာဟိုတယ် စာကြည့်တိုက်များဖောင်ဒေးရှင်းရုံးခန်း စာကြည့်တိုက်ပန်းခင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ (မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း) မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဆရာဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အမှာစကားပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲအတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းမှ မတည်ဆောက်လုပ်ထားသော တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၅၂ တိုက် အခြေအနေများကို တက်ရောက်လာသည့် အမှုဆောင်များက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖောင်ဒေးရှင်း ညီလာခံသို့ တက်ရောက်မည့် ၁၀ ဦးစာရင်းကို ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာသည့် အလုပ်အမှုဆောင်များက အကြံပြုဆွေးနွေးကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဦးဝင်းနိုင်(လေယာဉ်မှူးကြီး ASIAN WINGS Airways)-
ဒေါ်ခင်မာလာ (အထက-၃၊ မင်္ဂလာဒုံ)တို့၏သား

**မောင်ရဲထွန်းနိုင် B.Sc (Maths)**

**Diploma in French(YUFL),Htoo Group of Co.,Ltd**

**နှင့်**

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးချုပ်ငြိမ်းသန့်-ဒေါ်သီတာတိုး တို့၏
တစ်ဦးတည်းသော သမီး

**မသန့်နန္ဒာတိုး B.A (Korean,YUFL)**

**Supervisor(Content Division),Forever Group Co.,Ltd**

